မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၇၁)

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်

နောင်လေးနှစ်၊ ငါးနှစ်အတွင်း နိုင်ငံတော်က ဖန်တီးတည်ဆောက်ပေးထားသော အခြေခံကောင်းများကို အခြေပြု၍ မကွေးတိုင်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်။ မကွေးတိုင်းကိုသာမက နိုင်ငံတော်ရဲ့ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ အလေးထားလုပ်ကိုင်ဆောင်ရွက်ပေးရာ၌ အခက်အခဲများစွာကြားမှ မိမိတို့ကြိုးစားလုပ်ကိုင် ဆောင်ရွက်ပေးနေ၊ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် အားထုတ်လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်။

အစဉ်အလာကောင်းများနဲ့ ပြည့်စုံသော တပ်မတော်

ဒို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့သမိုင်းက တောင်းဆိုလို့ ပေါ်ပေါက်လာရတဲ့ တပ်မတော်ဖြစ်တယ်။ သာမန်ဖွဲ့စည်းပြီး တည်ထောင်ထားတဲ့တပ်မတော်မျိုးမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ သမိုင်းအမွေကိုဆက်ခံခဲ့တဲ့ တပ်မတော်ဟာ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံတယ်ဆိုတာ ရဲဘော်တို့ကို ပြောကြားလိုတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလကနေ ယခုကာလအထိ ကိုယ်ကျိုးအတွက် မမျှော်ကိုးခဲ့ဘဲ ဒို့နိုင်ငံ၊ ဒို့လူမျိုးအတွက် အလုပ်အကျွေးပြုမယ်ဆိုတဲ့ မျိုးချစ်စိတ်ဓာတ်အရ တပ်ထဲဝင်လာခဲ့ကြတာ ဖြစ်တယ်။

ဒါ့ကြောင့် ဒို့တပ်မတော်ဟာ မျိုးချစ်တပ်မတော်ဖြစ်တယ်ဆိုတဲ့ အစဉ်အလာကောင်းနဲ့ ပြည့်စုံညီညွတ်တာ ထင်ရှားနေတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၃)နှစ်မြောက်တပ်မတော်နေ့မိန့်ခွန်းမှ–

နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ဖွင့်လှစ်ပေး

ရစ်တိုင်၄၈၀စီပါ ချည်ငင်စက်၆၂စင်နှင့် လွန်းမဲ့ရက်ကန်းစင်၆၀၀ရှိ ခေတ်မီစက်ရုံကြီးဖြစ်

တစ်နှစ်လျှင် ၁/၄၀ပီစီ ချည်ပေါင်နှစ်သန်းကျော်နှင့် ပေါ်ပလင်ပိတ်ကိုက်ပေါင်းကိုးသန်းကျော် ထုတ်လုပ်နိုင်

ရန်ကုန် မတ် ၁၉

မကွေးတိုင်း ပွင့်ဖြူမြို့နယ် လယ်ကိုင်း–ပွင့်ဖြူကားလမ်းဘေး ပွင့်ဖြူမြို့မှ နှစ်မိုင်ခန့်အကွာ ကန်သာကြီးကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် အဆိုပါစက်ရုံ၌ ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မတ်လ ၂၀ ရက်)

စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေး စက်ပစ္စည်းအမယ်သစ်(အမည်သစ်)များ တိုးချဲ့ထုတ်လုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီတိုးတက်သည့် စက်မှုနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိကအပိုင်းတွင်ပါ စက်မှုကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို တိုးမြှင့်တည်ထောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ခေတ်မီစက်မှုကုန်ထုတ်လုပ်ငန်းများကို အခြေခံသည့် စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းကြီးများ၏ စွမ်းဆောင်မှု အရည်အသွေးကို မြှင့်တင်ပေးပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ဒေသအလိုက် တိုးတက်ဖြစ်ထွန်းစေရန် စက်မှုဇုန်များ ထူထောင်၍ စက်ပစ္စည်းမျိုးစုံကို ထုတ်လုပ်ပေးလျက် ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၃ခုနှစ် ဇွန်လအတွင်းက အင်းတကော်စက်မှုနယ်မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့ရာ ယခုအခါ အင်းတကော်စက်မှုနယ်မြေ၌ သံဘီးခွေစက်ရုံ၊ ရေဒီယေတာစက်ရုံ၊ သတ္တုဘယ်ယာရင်စက်ရုံ၊ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၊ အင်လက်နှင့်အိပ်ဇောဘားစက်ရုံ၊ သံရည်ကျိုစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံနှင့် အလူမီနီယမ်ဝါယာကြိုးစက်ရုံတို့ကို ထူထောင်ပြီးဖြစ်သည့်အပြင် လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံတို့ကို တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မတ်လ၁၈ရက်နေ့က ပဲခူးတိုင်း ပဲခူးမြို့နယ် အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံနှင့်အလုပ်ရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင်—

“စက်ပစ္စည်းများထုတ်လုပ်ရာ၌ မိမိတို့၏လိုအပ်ချက်နှင့် နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်များကို လက်တွေ့ကျကျ မှန်မှန်ကန်ကန် လေ့လာဆန်းစစ်တွက်ချက်ပြီး မည်ကဲ့သို့ စက်ပစ္စည်းအမယ်သစ် (အမည်သစ်)များကို မည်ကဲ့သို့ တိုးချဲ့ထုတ်လုပ်မည်၊ အမယ်ဟောင်းများကိုလည်း အရည်အသွေး ပိုမိုကောင်းမွန်အောင် မည်သည့်အစိတ်အပိုင်းကို ပြုပြင်သွားပြီး မည်သည့်စက်ပစ္စည်းအပိုင်းကို ထပ်ထည့်မည်တို့ကို အသေးစိတ် စီမံချက်ချ လုပ်ကိုင်သွားကြရန်လိုကြောင်း၊ သို့မှသာ စက်ပစ္စည်း အမယ်သစ်(အမည်သစ်)များရော အမယ်ဟောင်းများကိုပါ အရည်အသွေး အဆင့်အတန်းရှိရှိ လိုအပ်သည့် အရည်အတွက်အတိုင်း ထုတ်လုပ်သွားနိုင်မှာ ဖြစ်ကြောင်း” မှာကြားသွားသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၌ စက်မှုကဏ္ဍ ပါဝင်မှုအချိုးအစား ပိုမိုမြင့်မားလာစေရန်အတွက် နိုင်ငံတော်တစ်ဝန်းရှိ စက်မှုနယ်မြေများတွင် ခေတ်မီစက်ရုံ၊ အလုပ်ရုံများကို နိုင်ငံတော်က ရင်းနှီးမြှုပ်နှံထူထောင်ပေးလျက်ရှိသည်။

စက်ရုံ၊ အလုပ်ရုံများက စက်ပစ္စည်းများကို ထုတ်လုပ်ရာတွင် ပုံသဏ္ဍာန်အရရော၊ အရည်အသွေးအရပါ စဉ်ဆက်မပြတ်တိုးတက်ကောင်းမွန်နေစေရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တွဲဖက်ဆောင်ရွက်ရန် အထူးလိုအပ်ပေသည်။ ထို့အပြင် သုံးစွဲသူများစိတ်ကြိုက်ဖြစ်စေရန်၊ အသုံးတည့်စေရန် သုတေသနပြုလုပ်ကိုင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သုံးစွဲသူများထံမှလည်း ဝေဖန်အကြံပြုချက်ရရှိအောင် စီစဉ်ပြီး မိမိတို့၏အားနည်းချက်များကို ထိထိရောက်ရောက် ပြုပြင်ဆောင်ရွက်သွားနိုင်မှသာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက် ဖြစ်ထွန်းလာမည်ဖြစ်သည်။

ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည့် စက်ရုံ၊ အလုပ်ရုံအချင်းချင်း အပြန်အလှန် အသိအမြင်ဖလှယ်ပြီး အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းမှုပြုလုပ်ရန် အရေးကြီးပေသည်။ ထို့အတူ ပုဂ္ဂလိကစက်မှုလုပ်ငန်းနှင့်လည်း လိုအပ်သော ညှိနှိုင်းဆက်စပ်မှုများရှိနေရန် လိုအပ်ပေသည်။ သို့မှသာ စက်ရုံအလိုက်၊ လုပ်ငန်းအလိုက် ကျွမ်းကျင်ပိုင်နိုင်သော စက်ပစ္စည်းများကို အပြန်အလှန် အထောက်အကူပြု ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဌာနတစ်ခုနှင့်တစ်ခု၊ လုပ်ငန်းတစ်ခုနှင့်တစ်ခု ပေါင်းစပ်ညှိနှိုင်းပြီး စက်ပစ္စည်းအမယ်သစ်(အမည်သစ်)များကို အရည်အသွေး အဆင့်အတန်းရှိရှိ တိုးချဲ့ထုတ်လုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နည်းပညာအထောက်အကူပြု ရန်ပုံငွေ ဒေါ်လာသန်း ၂၀ တရုတ်နိုင်ငံ ထည့်ဝင်မည်

ပေကျင်း မတ် ၁၈

ဖွံ့ဖြိုးဆဲအာရှနိုင်ငံများအတွင်း ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က အတည်ပြုသော နည်းပညာအထောက်အကူပြု ငွေကြေးရန်ပုံငွေတစ်ရပ်ထူထောင်သွားရန် တရုတ်နိုင်ငံက ဒေါ်လာသန်း ၂၀ထည့်ဝင်မည်ဖြစ်ကြောင်း အေဒီဘီက ပြောကြားသည်။

ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ငွေကြေးရန်ပုံငွေသည် အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)၏ အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုက ထူထောင်မည့် ငွေကြေးရန်ပုံငွေဖြစ်သည့်ပြင် နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းတစ်ရပ်သို့ တရုတ်နိုင်ငံက ပထမဆုံးငွေကြေးပံ့ပိုးမှုဖြစ်ကြောင်း အေဒီဘီက ပြောကြားသည်။

ငွေကြေးရန်ပုံငွေသည် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးဆောင်ဦးရွက်ပြုမှုများကို ငွေကြေးပံ့ပိုးခြင်းဖြင့် အာရှတွင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုလျင်မြန်စွာ တိုးတက်စေရန် ရည်ရွယ်ကြောင်း အေဒီဘီက ပြောကြားသည်။

အေဒီဘီ၏ ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများအားလုံးသည် ငွေကြေးရန်ပုံငွေ၏ အောက်တွင် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုရန် အရည်အချင်းပြည့်မီကြမည်ဖြစ်ကြောင်း၊ မဟာမဲခေါင်ဒေသခွဲ၏ အဖွဲ့ဝင်များနှင့် ဗဟိုအာရှဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းမှု အစီအစဉ်သို့ ဦးစားပေးမည်ဖြစ်ကြောင်း အေဒီဘီက ပြောကြားသည်။

၂၀၀၉ခုနှစ်အထိ လာမည့်ငါးနှစ်တွင် ဖွံ့ဖြိုးဆဲအာရှဒေသတစ်လွှား၌ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စပ်လျဉ်း၍ အတွေ့အကြုံ ဗဟုသုတကို ငွေကြေးရန်ပုံငွေက ပိုမိုမျှဝေပေးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

စင်ကာပူ ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ခွင့် ပိုရှိမည်

စင်ကာပူ မတ် ၁၇

စင်ကာပူနိုင်ငံသည် အိပ်ချ်အိုင်ဗွီပိုးရှိသောဝေဒနာရှင်များကို ၎င်းတို့နှင့်လိင်ဆက်ဆံခဲ့သောသူများအား ကျန်းမာရေးဝန်ထမ်းများက စုံစမ်းမေးမြန်းရာ၌ အခွင့်အာဏာရှိစေရန် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းကျင့်သုံးဖွယ်ရှိကြောင်း အဆင့်မြင့်ကျန်းမာရေးအရာရှိတစ်ဦးက ပြောကြားသည်။

အချက်အလက် မပြည့်စုံခြင်းသည် အိပ်ချ်အိုင်ဗွီ ပိုးကူးစက်မှုအသစ်များ ပျံ့နှံ့ဖြစ်ပွားခြင်းကို အစိုးရ၏ ကူးစက်ရောဂါဌာန(စီဒီစီ)၏ ထိန်းချုပ်နိုင်စွမ်းရှိမှုအား အဟန့်အတားဖြစ်စေကြောင်း ကျန်းမာရေးဆိုင်ရာ အစိုးရအဖွဲ့ဝန်ကြီး ဘောလာကျီဆာဒါဆီဗန်က ပြောကြားကြောင်း တူဒေးသတင်းစာက ကိုးကားရေးသားဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အေအိုင်ဒီအက်စ် ဆေးဝါးတစ်မျိုး ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်

ဝါရှင်တန် မတ် ၁၇

အေအိုင်ဒီအက်စ်ဗိုင်းရပ်စ်ကို ထိန်းချုပ်ရန်အသုံးပြုသော ဆေးဝါးများသည် လူနာများ၏ ကျန်းမာရေးတိုးတက်မှုကို ထိန်းမထားနိုင်သော်ငြားလည်း ကူးစက်မှုကြောင့်ဖြစ်သည့် ကင်ဆာရောဂါအချို့ကို ကာကွယ်ပေးနိုင်ကြောင်း နိုင်ငံတကာသုတေသီများက ကြာသပတေးနေ့၌ ပြောကြားသည်။

အဆိုပါ ရောနှောထားသည့် အေအိုင်ဒီအက်စ်ဆေးကို အိတ်ချ်အေအေအာတီဟုခေါ်ပြီး လူကိုသေစေနိုင်သော ဗိုင်းရပ်စ်ကိုသေစေနိုင်ပြီး အိပ်ချ်အိုင်ဗွီကူးစက်ခံရချိန်တွင် အခြားကူးစက်ရောဂါများကိုလည်း ကာကွယ်တားဆီးပေးနိုင်သည်။

အိပ်ချ်အေအေအာတီဆေးသည် ကင်ဆာအချို့ကိုလည်း ကာကွယ်တားဆီးပေးကြောင်း ပြင်သစ်နိုင်ငံ လီယွန်မြို့ရှိ နိုင်ငံတကာကင်ဆာ သုတေသနဌာနနှင့် ဒဗလျူအိပ်ချ်အိုက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဈေးကွက်သဘောတရားအရ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုထား တောင်သူလယ်သမားများကလည်း ဈေးကောင်းရနိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များ ကြိုးစားစိုက်ပျိုး

အမှာစကား ပြောကြား

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ် လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Committee of Commerce Tianjin နှင့် Tianjin Machinery Import & Export Corporation တို့မှ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်နှင့်မင်းဘူး၊ ပွင့်ဖြူမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စက်ရုံအဝင်မုခ်ဦး၌ ဖွင့်ပွဲအစီအစဉ်များကို စတင်ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့်စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးကိုကိုဇော်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါဖန်စက်၊ ဗိုင်းတောင့်စက်၊အပင်ပေါင်းစက်၊ ဒသင်းစက်၊ ချည်ငင်စက်၊ ချည်ကတော့စက်ဌာနများ၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လွန်းမဲ့ ရက်ကန်းစက်များနှင့် စက်ရုံမှထုတ်လုပ်ထားသည့် ပေါ်ပလင်ပိတ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် စက်ရုံပင်မအဆောက်အအုံ၌ ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ) တည်ဆောက်ရသည့် ရည်ရွယ်ချက်၊ စက်ရုံရှိ အဆောက်အအုံများတွင် တပ်ဆင်ထားသည့် စက်ပစ္စည်းများ၊စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအား၊ချည်မျှင်နှင့် ပိတ်ကြမ်း၊ ပိတ်ချောထုတ်လုပ်နိုင်မည့် အခြေအနေများ၊ အဓိကကုန်ကြမ်း လိုအပ်ချက်များ၊ ကုန်ကြမ်းရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများ၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ သွင်းအားစု လိုအပ်ချက်များနှင့် သွင်းအားစုများရရှိရေး စီစဉ်ဆောင်ရွက်ထားမှုများ၊ ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်ရုံက အဆင့်အတန်းမြင့်မားသည့် ချည်ထည်ပစ္စည်းများ ထုတ်လုပ်သွားနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျွမ်းကျင်မှုတိုးတက်လာမည်

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် စက်ရုံသည် ရစ်တိုင် ၂၈၇၆၀၊ ရက်ကန်းစင် ၆၀၀ ပါရှိသော ခေတ်မီစက်ရုံကြီးဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် ချည်မျှင်နှင့် ပိတ်စများကို ထုတ်လုပ်ပေးသွားမှာဖြစ်ကြောင်း၊ စက်ရုံ၌ ဝန်ထမ်းပေါင်း ၄၀၀၀ နီးပါး ခန့်ထားနိုင်သော စွမ်းအားရှိသည့်အတွက် ပွင့်ဖြူဒေသ၌ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွက်လာမှာဖြစ်သကဲ့သို့ ခေတ်မီစက်ကိရိယာများကို ကိုင်တွယ်အသုံးပြုသွားရမှာဖြစ်သည့်အတွက်လည်း ဒေသအတွင်း၌ နည်းပညာပိုင်းအရ အဆင့်အတန်းရှိသည့် ကျွမ်းကျင်မှုများပြန့်ပွားတိုးတက်လာမှာဖြစ်ကြောင်း။

မုန်းဘက်စုံရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ စလင်းရေလှောင်တမံများ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အတွက် ပွင့်ဖြူလွင်ပြင်၊ မင်းဘူး(စကု) လွင်ပြင်နှင့် စလင်းလွင်ပြင်တို့သည် ဆည်ရေများတိုးရပြီး ဆည်ရေသောက်ဧရိယာသည် သိသိသာသာ တိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း၊ တစ်မိုးတစ်သီးသာ စိုက်ပျိုးလာခဲ့ရာမှ နှစ်သီးစားအဖြစ်ပါ ရေရာသေချာစွာ ကူးပြောင်းနိုင်ခဲ့ပြီး ဒေသခံတောင်သူလယ်သမားများ၏ ဝင်ငွေသည်လည်း တိုးပွားလာနေပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် မုန်းဘက်စုံရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ကိုပါ တွဲဖက်ထုတ်လုပ်ပေးနေသည့်အတွက် ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းများသည်လည်း မြင့်မားတိုးတက်လာတော့မှာဖြစ်ကြောင်း။

ယခုဆိုလျှင် စိုက်ပျိုးရေတိုးချဲ့ပေးနိုင်ရန် ရေအားလျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်ပေးနိုင်ရန်အတွက် မုန်းရေလှောင်တမံ၏ အထက်ပိုင်း၌ ဖူးရှာရေလှောင်တမံစီမံကိန်း၊ မုန်းရေလှောင်တမံ၏အောက်ပိုင်း၌ ကြီးအုံ–ကြီးဝရေလှောင်တမံ စီမံကိန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ နောင်သုံးနှစ်ခန့်အတွင်းတွင် မုန်းချောင်းတစ်လျှောက်၌ ရေလှောင်တမံအဆင့် သုံးဆင့်ဖြင့် လယ်မြေများကို ရေအလုံအလောက်တိုးချဲ့ပေးဝေနိုင်မှာဖြစ်သည့်အတွက် မိုးစပါး၊ နွေစပါးနှင့် ဝါစိုက်ဧကများသည် ပိုမိုများပြားလာပြီး လယ်ယာကုန်ထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာဦးမှာဖြစ်ကြောင်း။

လိုက်ဖက်ညီအောင်ထူထောင်

တစ်ဖက်မှ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ လယ်ယာကဏ္ဍကို အခြေခံသည့်စက်မှုလုပ်ငန်း (Agro based Industry) ကိုလည်း တစ်ဆက်တည်း ထူထောင်သွားရမှာဖြစ်သည့်အတွက် အရင်းအနှီးများသော ယခုကဲ့သို့ ချည်မျှင်နှင့်အထည်စက်ရုံမျိုးကို နိုင်ငံတော်က စတင်တည်ဆောက်ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြာမီနှစ်များအတွင်းတွင် ပုဂ္ဂလိကများကလည်း လယ်ယာကဏ္ဍကို အခြေခံသည့် စက်ရုံအငယ်စား၊ အလတ်စားများကို လယ်ယာကဏ္ဍဖွံ့ဖြိုးမှု၊ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးမှုတို့နှင့်အတူ လိုက်ဖက်ညီအောင် ထူထောင်လာတော့မှာဖြစ်ကြောင်း။

ထို့ကြောင့် ပွင့်ဖြူဒေသအပါအဝင် ဧရာဝတီမြစ်၏ အနောက်ဘက်ခြမ်းဒေသများဖြစ်သည့် မင်းဘူး(စကု)ဒေသ၊ စလင်းဒေသတို့သည် တစ်ချိန်တစ်ခါက သွားရေးလာရေး ခက်ခဲသည့်ဒေသများ၊ ပူပြင်းခြောက်သွေ့သည့်ဒေသများ၊ ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့်ဒေသများ ဖြစ်ခဲ့သော်လည်း ဤနေ့ဤအချိန်တွင် နိုင်ငံတော်၏ ဖန်တီးအထောက်အကူပြုထားသော မြစ်ကူးချောင်းကူးတံတားများ၊ ရေလှောင်တမံများ၊ မြစ်ရေတင်စခန်းများ၊ စက်ရုံအလုပ်ရုံများဖြင့် အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

လက်တွေ့ကျကျမြင်ရပြီ

အမှန်တကယ် ပြန်လည်သုံးသပ်မည်ဆိုလျှင် မကွေးတိုင်း အနောက်ဘက်ခြမ်းဒေသများသာမက မကွေးတိုင်းတစ်ခုလုံးသည် မိုးခေါင်ရေရှား

စာမျက်နှာ ၄ ကော်လံ ၁ သို့

ဘက်စုံဖွံ့ဖြိုးတိုးတက်မှုလက်တွေ့ကျကျ မြင်တွေ့နေရပြီ

❖ မကွေးတိုင်း အနောက်ဘက်ခြမ်းဒေသများသာမက မကွေးတိုင်း တစ်ခုလုံးသည် မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သည့်ဒေသ၊ ခက်ခက်ခဲခဲ စိုက်ပျိုးလုပ်ကိုင်ရသည့်ဒေသဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ဤအခြေအနေကို ကုစားနိုင်ရေးအတွက် နိုင်ငံတော်သည် ငွေကြေးများစွာ အကုန်ကျခံပြီး မကွေးတိုင်းအနှံ့အပြား၌ ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေး အစီအမံများ၊ ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကူးချောင်းကူးတံတားများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ လေယာဉ်ကွင်းသစ်များ တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်သည့်အတွက် မကွေးတိုင်းသည် ယနေ့ဆိုလျှင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာနေသည့် တိုင်းကြီးတစ်တိုင်းအဖြစ် လက်တွေ့ကျကျ မြင်တွေ့နေရပြီဖြစ်။

20-3 (03).p65 1 3/25/05, 8:28 PM

စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုနိုင်ငံမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်ရေးလမ်းခင်းပေးနေ

ကြည့်ရှုစစ်ဆေး

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ)ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း စက်ရုံအတွင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ပူပြင်းခြောက်သွေ့သည့်ဒေသ၊ ခက်ခက်ခဲခဲစိုက်ပျိုးလုပ်ကိုင်ရသည့်ဒေသ ဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ဤအခြေအနေကို ကုစားနိုင်ရေးအတွက် နိုင်ငံတော်သည် ငွေကြေးများစွာ အကုန်ကျခံပြီး မကွေးတိုင်းအနှံ့အပြား၌ ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေး အစီအမံများ၊ ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကူးချောင်းကူးတံတားများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ လေယာဉ်ကွင်းသစ်များ တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်သည့်အတွက် မကွေးတိုင်းသည် ယနေ့ဆိုလျှင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာနေသည့် တိုင်းကြီးတစ်တိုင်းအဖြစ် လက်တွေ့ကျကျ မြင်တွေ့နေရပြီဖြစ်ကြောင်း။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက ဒီဇင်ဘာလအတွင်း မကွေးမြို့ကို ရောက်ရှိစဉ် **"နောင်လေးနှစ်၊ ငါးနှစ်အတွင်း နိုင်ငံတော်ကဖန်တီးတည်ဆောက်ပေးထားသော အခြေခံကောင်းများကိုအခြေပြု၍ မကွေးတိုင်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း"**

"မကွေးတိုင်းကိုသာမက နိုင်ငံတော်ရဲ့ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ အလေးထားလုပ်ကိုင်ဆောင်ရွက်ပေးရာ၌ အခက်အခဲများစွာကြားမှ မိမိတို့ ကြိုးစားလုပ်ကိုင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် အားထုတ်လုပ်ကိုင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း"ဖြင့် မှာကြားလမ်းညွှန်ခဲ့ကြောင်း။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)ဖွင့်ပွဲအခမ်းအနားတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းအား အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ပွင့်ဖြူစက်ရုံနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်နေဆဲစက်ရုံများမှာ ပခုက္ကူနှင့် ဆားလင်းကြီး ချည်မျှင်နှင့်အထည်စက်ရုံတို့ဖြစ်ကြောင်း၊ ဤစက်ရုံသစ်များနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှာရှိသည့် စက်ရုံဟောင်းများ၏ ချည်မျှင်ရှည်ဝါလိုအပ်ချက်သည် တစ်နှစ်ပိဿာသိန်း၃၀၀ခန့်ရှိကြောင်း၊ ယနေ့ ဝါအဓိကစိုက်ပျိုးထုတ်လုပ်သည့် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် အရည်အသွေးကောင်းသည့်ဝါမျိုး ထွက်ရှိအောင် ဆက်လက်ကြိုးစားလုပ်ကိုင်ကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ဝါအကောင်းစား မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးအတွက် သုံးနှစ်အတွင်း မျိုးအစားထိုး ပြောင်းလဲစိုက်ပျိုးရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း စပါး၊ဝါ၊ ကြံ၊ရော်ဘာစသည့် သီးနှံအားလုံးကို နိုင်ငံတော်က ဈေးနှုန်းကန့်သတ်ပြီး

တိုးချဲ့စိုက်ပျိုး

မကွေးတိုင်းသားများသည် ယခုကဲ့သို့ နိုင်ငံတော်၏ စေတနာနှင့် မွန်မြတ်သည့်ရည်မှန်းချက်များကို နားလည်ပြီး နိုင်ငံတော်အပေါ် အလေးအနက်သစ္စာစောင့်သိရန်၊ မျိုးချစ်စိတ်ဓာတ်ခိုင်မာရန်၊ အလုပ်ကို ဖိဖိစီးစီးလုပ်ကြရန် လိုအပ်ကြောင်း၊ အရင်းအနှီးကြီးသည့် ဤခေတ်မီစက်ရုံကြီးကို ရေရှည်တည်တံ့ရန်အတွက် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်သကဲ့သို့ စက်ရုံအတွက် အဓိကလိုအပ်သော ဝါကုန်ကြမ်းကိုလည်း တိုးချဲ့စိုက်ပျိုးထုတ်လုပ်ပေးသွားကြရမှာဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး၌ ဝါစိုက်ဧကသည် ရှစ်သိန်းခန့် ဝါပိဿာ စုစုပေါင်း သိန်း ၉၀၀ ခန့် ထွက်ရှိကြောင်း၊ နိုင်ငံတော်ပိုင် စက်ရုံများအပြင် ပုဂ္ဂလိကစက်ရုံများ၏ ဝါလိုအပ်ချက်ကိုပါ ထည့်တွက်မည်ဆိုလျှင်ပင် ပြည်တွင်းဝါထွက်ရှိမှုနှင့် ပြည်တွင်းလိုအပ်ချက်သည် မျှတသည်ဟု အကြမ်းဖျင်း တွက်ချက်ရရှိကြောင်း။

သို့ရာတွင် ချည်မျှည်ရှည်ဝါ အထွက်နှုန်းသည် တစ်ဧကပျမ်းမျှ ပိဿာ ၁၄၀ခန့်သာ ထွက်နေသေးသည့်အတွက် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းပိဿာ ၄၀၀ ရရန် အားထည့်ကြိုးပမ်းရမှာဖြစ်သကဲ့သို့

အချိုးကျ ဝယ်ယူသည့်စနစ်မျိုး လုံးဝမကျင့်သုံးတော့ဘဲ ဈေးကွက်၏ သဘောတရားအရ ကြိုက်ရောင်းကြိုက်ဝယ်စနစ်၊ တစ်နည်းအားဖြင့် လွတ်လပ်စွာ ရောင်းဝယ်ခွင့်ကို ခွင့်ပြုထားပြီးသည့်အတွက် ဒေသခံတောင်သူလယ်သမားများကလည်း ဈေးကောင်းရနိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို ကြိုးစားစိုက်ပျိုးထုတ်လုပ်ကြရန်လိုကြောင်း။

ကေထောင်ချီပေါ်ထွက်လာ

ယခုအချိန်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအပါအဝင် နိုင်ငံတော်အဖွဲ့အစည်းများသည်လည်း မြေလွတ်မြေရိုင်းများကို ရှာဖွေဖော်ထုတ်ပြီး မိမိ၏ ကုန်ကြမ်းလိုအပ်ချက်ကို မိမိတို့ အစီအစဉ်ဖြင့်ပင် စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးပမ်းနေကြပြီဖြစ်ကြောင်း၊ အထူးသဖြင့် မကွေးတိုင်း၌ နိုင်ငံတော်အဖွဲ့အစည်းများ၏ ဝါစိုက်ခင်းသစ်များသည် ဧကထောင်ချီပြီး စတင်ပေါ်ထွက်လာနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ဒေသခံတောင်သူလယ်သမားများသည် ဈေးကွက်၌ လိုအပ်သည့် ဝါကုန်ကြမ်းကို တစ်ဖက်တစ်လမ်းမှ စိုက်ပျိုးထုတ်လုပ်ပေးရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနေသည့် ဝါစိုက်ခင်းသစ်များဆီမှ စိုက်နည်းစနစ်သစ်များကိုလည်း အတုယူစရာရှိလာနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့် အထည်စက်ရုံ (ပွင့်ဖြူ)ဖွင့်ပွဲအခမ်းအနားတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် စက်ရုံမှူး ဒုတိယဗိုလ်မှူးကြီးကိုကိုဇော်တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ခြုံလိုက်လျှင် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍသည် ဆက်လက်ပြီး ဖွံ့ဖြိုးတိုးတက်နေမည့် အလားအလာကောင်းများ ရှိနေသကဲ့သို့ စိုက်ပျိုးရေးကဏ္ဍကို အခြေခံသည့် စက်မှုလုပ်ငန်းများသည်လည်း ပိုမိုဖွံ့စည်း ဖြစ်ပေါ်လာမည့် အလားအလာကောင်းများ ရှိနေကြောင်း ယခုပွင့်ဖြူစက်ရုံကြီးက သက်သေပြဆိုနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုတန်ဖိုးပမာဏတွင် လယ်ယာကဏ္ဍပြီးလျှင် စက်မှုကဏ္ဍသည် ဒုတိယမြောက် တန်ဖိုးပမာဏအများဆုံး ဖြစ်ကြောင်း၊ စက်မှုကဏ္ဍတွင်လည်း ပုဂ္ဂလိကအပိုင်းက အများစု ၉၈ရာခိုင်နှုန်းပါဝင်နေပြီး နိုင်ငံတော်အပိုင်းက ၁ဒသမ ၅ရာခိုင်နှုန်းခန့်သာ ပါဝင်နေကြောင်း စိစစ်တွေ့ရှိရကြောင်း၊ နိုင်ငံတော်အပိုင်းအနေဖြင့် အရင်းအနှီးကြီးပြီး နည်းပညာမြင့်မားသည့် ပုဂ္ဂလိကအပိုင်းက တည်ဆောက်ထူထောင်ရန် မလွယ်ကူသည့် စက်ရုံအလုပ်ရုံများကို ဦးစားပေးထူထောင်နေခြင်းဖြစ်ကြောင်း။

ခေတ်မီစက်မှုနိုင်ငံအဖြစ်

အထူးသဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဦးစားပေးထူထောင်ရင်း လယ်ယာသုံး စက်ကိရိယာပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်း၊ ကုန်ချောပစ္စည်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ ပြည်ပပို့ကုန် တင်ပို့နိုင်သည့် စက်မှုလုပ်ငန်း၊ အကြီးစားစက်မှုလုပ်ငန်းစသည့် တိုင်းပြည်အတွက်အရေးပါသည့် အခြားစက်မှု လုပ်ငန်းများကို တစ်ပါတည်း ထူထောင်ရေးဆိုသည့် ဦးတည်ချက်နှင့်အညီ စက်မှုလုပ်ငန်းများကို အားပေး ထူထောင်နေခြင်းဖြစ်ကြောင်း၊ တစ်ချိန်တွင် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုနိုင်ငံမှတစ်ဆင့် ခေတ်မီစက်မှုနိုင်ငံအဖြစ် ကူးပြောင်းနိုင်အောင် အခြေချလမ်းခင်း ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း။

တစ်နည်းအားဖြင့် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် လိုအပ်သော စက်မှုအခြေခံများကို ထူထောင်နေပြီး တစ်ဖက်မှလည်း စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းများကိုလည်း ဦးစားပေးထူထောင်နေခြင်းဖြစ်ကြောင်း၊ ရည်မှန်းချက်မှာ မကွေးတိုင်းအပါအဝင် နိုင်ငံတော်တစ်ရပ်လုံးကို ကွက်လပ်မကျန် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအခြေခံကောင်းများ ဖြစ်ပေါ်တည်ရှိအောင်၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး မျှတစွာဖွံ့ဖြိုးတိုးတက်လာအောင် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ချမှတ်အကောင်အထည်ဖော်

စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှုအခြေခံများ၊ ပညာတတ်လူ့အရင်းအမြစ် ဖြစ်ပေါ်ရေးအခြေခံများစသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် အခြေခံများကို ပြည့်စုံအောင်ထူထောင်လာနိုင်သည်နှင့်အမျှ တစ်ဖက်မှလည်း မိမိနိုင်ငံ၊ မိမိလူမျိုး၏ အစဉ်အလာ ဓလေ့စရိုက်နှင့် ကိုက်ညီဆီလျော်သော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် လိုအပ်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း ချမှတ်အကောင်အထည်ဖော် လျက်ရှိကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှု လုပ်ငန်းများကိုရော နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များကိုပါ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့်ပြည်သူ တက်ညီလက်ညီ ဦးထမ်းပဲ့ထမ်းပူးပေါင်းလုပ်ကိုင်ရေးသည် အဓိကအခရာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး၏ နိုးကြားသည့် ပူးပေါင်းမှုစွမ်းအားဖြင့်ပင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်အားလုံးကို အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ကြောင်း။

ကာကွယ်တည်ဆောက်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏ နိုးကြားတက်ကြွသည့် ဦးစီးဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူများ၏ အသိစိတ်ဓာတ်နှင့်ယှဉ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အရှိန်အဟုန်ရှိရှိ သိသိသာသာ တိုးတက်အောင်မြင်မှုများရရှိလာနေသည့် မကွေးတိုင်း၏အစဉ်အလာကောင်းကို စံထားပြီး နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင်၊ အစွန့်ရှည်တည်တံ့အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကာကွယ် တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံတစ်ဦးဖြစ်သည့် ပွင့်ဖြူမြို့မှ ဦးတင်မင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)ကို ပွင့်ဖြူဒေသ၌ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Tianjin Machinery Import & Export Corporation မှ Chairman Mr. Sun Jian Rong နှင့် တာဝန်ရှိသူများအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား Chairman Mr. Sun Jian Rong က အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် Committee of Commerce Tianjin မှ Director General Mr. Li Pei Sheng နှင့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်း ဓာတ်ပုံရိုက်ပြီး စက်ရုံဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် သွင်းကုန်အစားထိုးဖြစ်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်လာစေပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြုသည့်အတွက် နည်းပညာပိုင်းဆိုင်ရာ မြင့်မားလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ချည်မျှင်နှင့် အထည်စက်ရုံ(ပွင့်ဖြူ) စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ချည်မျှင်နှင့်အထည်စက်ရုံ (ပွင့်ဖြူ)၌ အဓိကတပ်ဆင်ထားသည့် စက်ပစ္စည်းများမှာ ရစ်တိုင် ၄၈၀ စီပါရှိသည့် ချည်ငင်စက် ၆၂စင်နှင့် လွန်းမဲ့ရက်ကန်းစင် ၆၀၀ ဖြစ်သည်။

ကိုက်ကိုးသန်းကျော်ထုတ်လုပ်

စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင် ၁/၄၀ ပီစီချည်နှင့် ဘီးဖီးချည် စုစုပေါင်း ပေါင် ၂ ဒသမ ၈၅၆ သန်းနှင့် ၁/၄၀ ပီစီပိတ်ကြမ်းနှင့် ပေါ်ပလင်ပိတ်ကြမ်း စုစုပေါင်း ကိုက် ၉ ဒသမ ၉၇၆ သန်း ထုတ်လုပ်နိုင်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု တောင်တွင်းကြီးမြို့၌ ကတ္တရာလမ်းဖွင့်

ရန်ကုန် မတ် ၁၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၁၂ ရက်တွင် တောင်တွင်းကြီးမြို့ ရွှေအိုးရပ်ကွက် ပုံပြစေတီလမ်းမုခ်ဦး၌ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျေးလက်နေပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ လမ်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ကတ္တရာလမ်းကို ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**အဆိုပါလမ်းမှာ အရှည် ၁၀၉၅ ပေ၊ အကျယ် ၁၂ ပေ ရှိပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် အောင်လံမြို့သို့ရောက်ရှိပြီး နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မိုးကောင်း-ကွေးကုန်း ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း ပန်းတနော်ပုခန်းကျောင်း၌ ဖွင့်မည်

ရန်ကုန် မတ် ၁၉

ပန်းတနော်မြို့ သာသနာဟိတာရာမ ပုခန်းကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ (၅၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ) ဆရာတော် ဦးပညာသာမိကြီးမှူး၍ ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ခုနစ်ရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ တရားစခန်းပွဲတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်မှ ဆရာတော်ဦးကောဝိဒနှင့် ဆရာတော် ဦးဝိမလအရှင်သူမြတ်တို့က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ဧပြီ ၁၁ရက် ညနေ ၅နာရီအရောက် ပုခန်းကျောင်း မိုးကုတ်ဝိပဿနာရိပ်သာသို့ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် ဆောင်းပါးနှင့်စာစီစာကုံးပြိုင်ပွဲ ဆုရသူများ

ရန်ကုန် မတ် ၁၉

ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အဖြစ် အခြေခံနှင့်အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲနှင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲများကို ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် မခိုင်တင်ဇာမြင့် အထက-၁၊ ကြည့်မြင်တိုင်က ပထမ၊ မခင်မြတ်နိုးဟန် အထက-၂၊ ရန်ကင်းက ဒုတိယ၊ မရတနာလင်း အထက-၂ ၊ လမ်းမတော်က တတိယဆုတို့ ရရှိကြပြီး ဆောင်းပါးပြိုင်ပွဲတွင် ဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)က ပထမ၊ ဦးခင်ဦး(ပြည်မြို့)က ဒုတိယ၊ ဒေါ်စမ်းငွေး(ငွေးငယ်)က တတိယဆုတို့ ရရှိကြသည်။

ဆုရရှိသူများသည် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ပြိုင်ပွဲကျင်းပရေးကော်မတီ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ မတ်၂၂ရက် ညနေ ၄နာရီအရောက် လူကိုယ်တိုင်သတင်းပို့ကြရန်နှင့် မတ် ၂၃ရက် ညနေ၅နာရီတွင် MICT Park၌ ကျင်းပမည့် ဆုပေးပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက် ဆုလက်ခံရယူကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဏ္ဏာမိဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ သင်္ကြန်တရားပွဲ

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် မိုးကုတ်ဝိပဿနာ ပုဏ္ဏာမိဓမ္မရိပ်သာကျောင်းတိုက် စခန်းအကျိုးဆောင်များကကြီးမှူး၍ (၆၉)ကြိမ်မြောက် သင်္ကြန်တွင်း ၁၀ ရက်တရားစခန်းပွဲကို ဧပြီ ၈ရက်(သောကြာနေ့)မှ ၁၇ရက်(တနင်္ဂနွေနေ့)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းစခန်းပွဲတွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ပုဏ္ဏာမိ ဆရာတော်ဦးပညာသာရအရှင်သူမြတ်နှင့် မိုးကုတ်ဓမ္မကထိကဆရာကြီး ဦးစိန်ဝ၊ ဆရာဦးငွေးဝင်းတို့က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်များ ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ ကြိုတင် စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၇ရက် ညနေ၆နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်နှင့်ရွှေထီးတော် ကြံ့ခိုင်မှုစစ်ဆေးရေးဗဟိုကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၉

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးနှင့် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

တက်ရောက်

အစည်းအဝေးသို့ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးနှင့် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးညှိနှိုင်း

အစည်းအဝေးတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြီးကို နှစ်ပေါင်းများစွာ တည်တံ့ခိုင်ခံ့စေရေးအတွက် သံမဏိဆိုင်းကြိုးများ၊ သံမဏိဒေါက်တန်းများဖြင့် ဖြည့်စွက်တပ်ဆင်ပူဇော်ရေး၊ ရွှေပြားသင်္ကန်းတော်၊ ရွှေမျက်ပါးသင်္ကန်းတော်ကပ်လှူပူဇော်ရေး၊ ကိုယ်လုံးတော်ကြီးခိုင်ခံ့မှု ထိန်းသိမ်းရေးအတွက် ခေတ်မီနည်းပညာဖြင့် ဗိသုကာပုံစံရေးဆွဲထုတ်လုပ်ရေး၊ သဘာဝရာသီဥတုဒဏ်ခံနိုင်ရည်စွမ်းအား တိုင်းတာခြင်း (Target Prism) များ တပ်ဆင်၍ တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရာတွင် နှစ်ပေါင်းများစွာ ရွှေရောင်၊ ရွှေသား ခိုင်ခံ့တည်တံ့စေရန်အတွက် (၃)ကျပ်သား၊ (၆)ကျပ်သား ရွှေစင် ရွှေသား ရွှေသင်္ကန်းတော်များအပြင် အများပြည်သူများ စျေးနှုန်းသက်သာစွာ ဆက်ကပ်လှူဒါန်းပူဇော်နိုင်ရန် (၈)ပဲသား၊ (၁၂)ပဲသား ရွှေပါးလွှာ သင်္ကန်းတော်များ ကပ်လှူပူဇော်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေးလုပ်ငန်းတို့ကို ၂၀၀၅ ခုနှစ် ဧပြီ ၃၀ ရက် နောက်ဆုံးထား၍ ပြီးစီးအောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှ

ပခုက္ကူခရိုင်၏ ၂၀၀၃-၂၀၀၄ခုနှစ်၊ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်အလိုက် ဆန်ဖူလုံမှု အခြေအနေ၊ ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဆန်ဖူလုံရေးတွက် လယ်ယာမြေများဖော်ထုတ်မှုနှင့် ရေရရှိရေးအတွက် ပခုက္ကူခရိုင်အနေဖြင့် လုပ်ငန်း ၇၁ ခုလျာထားသည့်အနက် ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆည် ၂၄ ခု၊ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်သည့် ဆည်၁၈ခု စုစုပေါင်း ၄၂ခုပြီးစီးမှုကိုလည်းကောင်း၊ ဆောင်ရွက်ဆဲ စီမံကိန်းနှစ်ခု ပြီးစီးပါက စိုက်ပျိုးဧက တိုးတက်လာမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးပြီးစီးမှု

ဆက်လက်၍ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးနှင့် မကွေးတိုင်း စိုက်ပျိုးရေး မန်နေဂျာ ဦးကျော့မောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပခုက္ကူခရိုင်၏ မြေယာအသုံးချမှု၊ ၂၀၀၅ ခုနှစ် မိုးရွာသွန်းမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း သီးနှံများလျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု၊ မိုးစပါး စိုက်ပျိုးထွက်ရှိမှု၊ နွေစပါး လျာထားချက်နှင့်စိုက်ပျိုးပြီးစီးမှု၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှု၊ စံပြစမ်းသပ်ကွက်များ ဆောင်ရွက်နိုင်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

လယ်ယာမြေတိုးချဲ့ဖော်ထုတ်နေ

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဂန့်ဂေါခရိုင်အတွင်း လယ်ယာမြေ တိုးချဲ့ဖော်ထုတ်ရေး အတွက် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ ပခုက္ကူမြို့သို့ ယခုလာရောက်ကြခြင်းမှာ ပခုက္ကူခရိုင်ဒေသ ဆန်ဖူလုံရေး အတွက် စပါးတိုးချဲ့စိုက်ပျိုးရန်၊ နှစ်အလိုက် ဆောင်ရွက်ရမည့် ရေရရှိရေးလုပ်ငန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ ကျေးလက်အဆင့် ကျေးလက်ဆည် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းများ၊ နှစ်အလိုက် လယ်မြေတိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး ဆောင်ရွက်ချက်အခြေအနေများ သိရှိနိုင်ရန်နှင့် လုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း၊ ပခုက္ကူဒေသသည် ဧရာဝတီအနောက်ခြမ်းရှိ မြို့တော်ဖြစ်သည့်အပြင် ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် တံခါးပေါက်တစ်ခုလည်းဖြစ်ကြောင်း၊ပခုက္ကူဒေသ ဘက်စုံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အလေးအနက်ထား၍ စီစဉ်ညွှန်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပခုက္ကူခရိုင် ဆန်ဖူလုံရေး အတွက်လည်း နိုင်ငံတော်အကြီးအကဲက စီမံညွှန်ကြား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပခုက္ကူဒေသ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အပြင် အဓိကအားဖြင့် ဒေသဆန် ဖူလုံရေးကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ စပါးတိုးချဲ့စိုက်ပျိုးရန်အတွက် မြေယာတိုးချဲ့ရေး၊ ရေရရှိရေး နည်းလမ်းမျိုးစုံကို ထပ်မံ၍ နေရာရှာဖွေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပခုက္ကူဒေသ ဆန်ဖူလုံရေးအတွက် အမြဲအာရုံစူးစိုက်ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မဌာနချုပ် ရဲတံခွန်ခန်းမသို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို ဒေသခံပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာအဖြစ် ဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ ၁၅မိနစ်တွင် ပခုက္ကူမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြပြီး ရဟတ်ယာဉ်ပေါ်မှ ညောင်ဦးမြို့နယ် ငါ့သရောက်မြစ်ရေတင် စီမံကိန်းရေသောက်ဧရိယာရှိ လယ်မြေများ၌ နွေစပါး စိုက်ပျိုးဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ဆင်တဲဝတံတားအနီး သဲသောင်ပြင်တစ်လျှောက်တွင် စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



မြစ်ငယ်မြစ်ကူးတံတား(မန္တလေး)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မတ်၁၉ ရက် နံနက်၇ နာရီတွင် မြစ်ငယ်မြစ်ကူးတံတား (မန္တလေး) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာမှူး ဦးစိုးမင်းက တံတားတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်း ပြည့်မီစွာပြီးစီးရေး ချဉ်းကပ်လမ်း အချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တံတားခံနိုင်ဝန်

မြစ်ငယ်တံတားမှာ တံတားအရှည် ပေ ၈၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ ပေနှင့် ဘေးတစ်ဖက်စီတွင် လူသွားလမ်းအကျယ် လေးပေစီပါရှိပြီး သံကူကွန်ကရစ် လွန်တူးပိုင်အပေါ်ထည် ကြိုတင်အားဖြည့်ကွန်ကရစ်နှင့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မှာ အကျယ် ပေ ၈၀ နှင့် အမြင့် ရှစ်ပေခွဲဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန်ဖြစ်သည်။

အဆိုပါတံတားကိုပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၂)မှ ၂၀၀၃ ခုနှစ် မတ် ၇ ရက်တွင် တာဝန်ယူ တည်ဆောက်ခဲ့ရာ ယခုအခါ စီမံကိန်း တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၀-၃-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ ဂုံညင်းတန်းတံတား
၈:၂၀ ၈။ နှစ်(၆၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၂၅။ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"**(အပိုင်း-၂၁)
၁၂:၁၅ ၅။ **"ဆွေးနွေးဖွေရှာကွန်ပျူတာနည်းပညာ"**(အပိုင်း-၂)
၁၂:၃၀ ၆။ မြန်မာရုပ်ရှင် **"ဝေလည်းမွေး ကြွေလည်းမွေး"** ကျော်ဟိန်း၊ဒွေး၊ တင့်တင့်ထွန်း၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၄:၄၅ ၇။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၁၇:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၁၇:၃၀ ၇။ နှစ်(၆၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၈)
၁၉:၃၀ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၄၀ ၁၃။ အမျိုးသားညီလာခံ ဂုဏ်ပြုတေး
၁၉:၅၀ ၁၄။ ပြည်သူ့အတွက် တပ်မတော် **"တပ်မတော်သည် ပြည်သူ့အတွက်"**
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၂၈)

မတ်၁၉ ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက်(သုခရတနာ) ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြအေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတိုနီဆင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်ညိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြုကြိုဆို

မတ်လသမိုင်း နွေသမိုင်း

❑ မြရည်မြနှစ်၊ မြပုရစ်သို့
ဖူးသစ်ဝေဝေ၊ လေရူးမွှေသော်
ဥရွှေသြကာ၊ ပြန်ပြောပြသည်
မတ်လသမိုင်း နွေသမိုင်း။

❑ ထီးကျိုးစည်ပေါက်၊ သူ့လက်အောက်၌
ရောက်ခဲ့ဖူးသည်၊ ငါတို့ပြည်တည့်
မျက်ရည်စွတ်စွတ်၊ ကိုယ်ဝတ်ချို့တဲ့
နေခဲ့ညှိုးချုံး၊ ယူကျုံးမရ ထိုကာလ။

❑ ယူကျုံးမရ၊ ဖြစ်ရုံမျှဖြင့်
ဘဝစခန်း၊ အမှောင်လမ်းကို
ဖြတ်သန်းနိုင်မည်၊ မဟုတ်ပြီဟု
ပြည်မြန်မာဖွား၊ တို့ဘိုးဘွားတို့
နိုးကြားအမြင် မှန်ခဲ့ကြောင်း။

❑ တောင်ပေါ်မြေပြန့်၊ အနှံ့ပြည်လုံး
စုရုံးညီညာ၊ ရဲရင့်စွာလျှင်
ငါတို့မြေပေါ်၊ ကျူးကျော်စော်ကား
နယ်ချဲ့များကို
နိုးကြားထက်သန်၊ ဇာတိမာန်ဖြင့်
တော်လှန်တိုက်ပွဲ နွှဲခဲ့ကြောင်း။

❑ ရဲမာန်ဝင့်ချီ၊ အာဇာနည်တို့
ချီတက်ရင်ဆိုင်၊ မမေ့နိုင်ခဲ့
တို့ပိုင်စိုးရာ၊ ဤမြေလွှာမှ
အာဏာယစ်မူး၊ နယ်ချဲ့ရူးတို့
ဦးတည်ရာပြေး၊ တော်လှန်ရေးလျှင်
သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်
မျိုးချစ်ဇာနည် ပီခဲ့ကြောင်း။

❑ သြော် …… မြရည်မြနှစ်၊ မြပုရစ်တို့
ဖူးသစ်ဝေဝေ၊ လေရူးမွှေသော်
ဥရွှေသြကာ၊ ပြန်ပြောပြသည်
မတ်လသမိုင်း နွေသမိုင်း။ ။

ခွန်ရဲသွေး(အေးသာယာ)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာအသုံးချမှုပြိုင်

ရန်ကုန် မတ် ၁၉

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာ ပန်းချီနှင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲ (အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့်) ပြိုင်ပွဲများကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံနှင့် အခြေခံကျောင်းများ၊ စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်၊ ကော်မတီဝင်များဖြစ်ကြသော ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင်နှင့်ကော်မတီဝင်များ၊အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်၊ အကဲဖြတ်စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကွန်ပျူတာစက်နှင့် သုတေသနဌာန ဌာနမှူး ဦးမြသိန်းနှင့် ကော်မတီဝင်များက ပြိုင်ပွဲဝင် ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့်တို့မှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့၏ ပြိုင်ပွဲဝင် အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကွန်ပျူတာစက်နှင့် သုတေသနဌာန ဌာနမှူး ဦးမြသိန်းက ပြိုင်ပွဲစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာ အထက်တန်းအဆင့်တွင် **'မြို့ပြကျေးလက်တိုးတက်ဖို့ တပ်နှင့်ပြည်သူကြိုးပမ်းစို့'** ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် **'နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ တပ်နှင့်ပြည်သူ လက်တွဲစို့'** ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ နောက်ဆုံးနေ့ကျင်းပ

ရန်ကုန် မတ် ၁၉

နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကွန်ပျူတာ ဉာဏ်စမ်းပြိုင်ပွဲဝင် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကထိက ဦးတင်ဝင်းက ပြိုင်ပွဲစည်းကမ်းချက်များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြိုင်ပွဲကို ကျင်းပရာ လမ်းမတော်မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ၂၅ ဦးစီ စုစုပေါင်းအသင်းဝင် ၇၅ ဦးတို့ ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

တပ်မတော်အင်အားရှိ၍ တိုင်းပြည်အင်အားရှိခဲ့သည့
ရှေးခေတ်မြန်မာနိုင်ငံ

မြန်မာနိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်နယ်နိမိတ်၊ ကိုယ်ပိုင် ယဉ်ကျေးမှုတွေနဲ့ အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် တည်ရှိခဲ့တာကမ္ဘာသိဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ စုစည်းပါဝင်တဲ့ တပ်မတော်ဆိုတာလဲ ရှေးကာလကတည်းက မြန်မာနိုင်ငံမှာရှိခဲ့တာကို သမိုင်းမှတ်တမ်းတွေက အထင်အရှား ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ အင်အားတောင့်တင်းတဲ့ တပ်မတော် ဖြစ်တည်ခဲ့တဲ့ အခါတိုင်းမှာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ပြီး အေးချမ်း သာယာ စည်ပင်ဝပြောတဲ့ နိုင်ငံတော်ကြီး ဖြစ်ခဲ့တာကိုလဲ သမိုင်းစာမျက်နှာများက ဖော်ပြလို့နေပါတယ်။ အဲဒီခေတ်၊ အဲဒီကာလတွေမှာ မြန်မာနိုင်ငံနဲ့ မြန်မာ့တပ်မတော်ကို ဝန်းကျင်နိုင်ငံတွေက လေးစားခဲ့ကြတာ၊ အလေးထားခဲ့ကြတာတွေကို လေ့လာမှတ်သားခဲ့ရဖူးပါတယ်။

မြန်မာ့သမိုင်းကို ပြန်လေ့လာကြည့်ရင် တိုင်းရင်းသားများစည်းလုံးညီညွတ်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ နိုင်ငံ့အင်အားခိုင်မာတောင့်တင်းခြင်း၊ စားရေရိက္ခာ ကုံလုံကြွယ်ဝခြင်း စတဲ့ နိုင်ငံတိုးတက်ဖြစ်ထွန်းမှုတွေကို ပေါ်ပေါက်စေတဲ့ အကြောင်းအရပ် အခြေအနေတွေထဲမှာ အဓိက ကျတာကတော့ အင်အားတောင့်တင်းခိုင်မာတဲ့ တပ်မတော် တည်ရှိခဲ့လို့ပါပဲ။ သာဓကများစွာ ရှိပါတယ်။

ဥပမာအနေနဲ့ မြန်မာ့သမိုင်းကို အထောက်အထားခိုင်ခိုင်မာမာနဲ့တကွ ကောင်းစွာ လက်လှမ်းမီတဲ့ ပုဂံခေတ်ကို လေ့လာကြည့်ကြပါမယ်။ ပုဂံခေတ်နဲ့ ခေတ်ပြိုင်ကာလမှာ နောင်တစ်ချိန်ကမ္ဘာတစ်လွှား ကိုလိုနီနယ်တွေ ချဲ့ထွင်လို့၊ သူတို့ကိုယ်သူတို့ နေမဝင်အင်ပါယာပိုင်ရှင်ကြီးရယ်လို့ ဟစ်ဆိုခဲ့လေတဲ့ အင်္ဂလန်နိုင်ငံမှာ အင်္ဂလိပ်လူမျိုးရယ်လို့ ဖြစ်ပေါ်ခြင်း မရှိသေးပါဘူး၊ အင်္ဂလိုဆက်ဆွန် (Anglo Saxon)ဘဝမှာပဲ ရှိသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါက အနော်ရထာမင်း နန်းတက်တဲ့ ခရစ်နှစ် ၁၀၄၄ ခုနှစ် ဝန်းကျင်ကပါ။ အဲဒီအချိန်မှာ မြန်မာနိုင်ငံဟာ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်အချုပ်အခြာအာဏာပိုင် ပုဂံနေပြည်တော်အဖြစ် ပေါ်ထွန်းလို့ နေပါပြီ။

ပုဂံနေပြည်တော်မှာ သာသနာရောင်ဝါ ထွန်းလင်းခဲ့တာတွေ၊ ဆန်ရေ စပါးပေါကြွယ်ဝလို့ ပြည်သူပြည်သားတွေ စားရေရိက္ခာဖူလုံပြီး အလှူအတန်းတွေပေး၊ ဘုရားပုထိုးစေတီတွေ တည်နိုင်ခဲ့ကြတာကို သမိုင်းမှတ်တမ်းများမှာသာမကဘဲ ယနေ့ထက်တိုင် မျက်မြင်အထင်အရှား တွေ့မြင်နေကြရပါတယ်။

ပုဂံနေပြည်တော်ဟာ ဘာကြောင့် ကမ္ဘာ့အစောဆုံး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေထဲမှာ ပါဝင်ခဲ့ရတာပါလဲ။ အဲဒီကာလက ပုဂံနေပြည်တော်မှာ လုံခြုံမှု ရှိပြီး ကျူးကျော်နှောင့်ယှက်သူတို့ရဲ့ ရန်က ဘာကြောင့် ကင်းဝေးခဲ့ရတာပါလဲ။ အဖြေကတော့ အဲဒီခေတ်ကာလမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့အတူ ခိုင်မာတောင့်တင်းတဲ့ တပ်မတော် ရှိခဲ့လို့ပါပဲ။

မြန်မာနိုင်ငံမှာ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုတွေ စည်းလုံးညီညွတ်မှုသာမရှိရင်၊ ပြီးတော့ အင်အားတောင့်တင်းတဲ့ တပ်မတော်သာ မရှိခဲ့ရင် နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ထိပါးခံနေရဦးမှာ ဖြစ်ပါတယ်။

ပုဂံခေတ်မှာ အင်အားတောင့်တင်းတဲ့ တပ်မတော်ရှိခဲ့ကြောင်း သာဓကတစ်ခုအဖြစ် သက်သေပြရရင် ပုဂံခေတ်စစ်သည်တော် လေးသိန်းနဲ့စပ်လျဉ်းလို့ ဖော်ညွှန်းရမှာဖြစ်ပါတယ်။ အနော်ရထာမင်းလက်ထက် ဥသာပဲခူးဘက်မှာ ဂျွမ်းစစ်သည်တွေ ဝင်ရောက်နှောင့်ယှက်သောင်းကျန်းလို့ ဥသာမင်းက အနော်ရထာမင်းထံ အကူအညီတောင်းခဲ့ပါတယ်။ အဲဒီတော့ အနော်ရထာမင်းက စစ်သည်လေးသိန်း လွှတ်လိုက်မယ်ဆိုပြီး ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးဆိုတဲ့ စစ်သူကြီးလေးဦးနဲ့ စစ်သည်အချို့ကိုပဲ လွှတ်လိုက် ပါတယ်။ဤမျှသော ပုဂံစစ်သည်အင်အားနဲ့ ဂျွမ်းစစ်သည်တွေကို ရင်ဆိုင်အောင်မြင်မှာ မဟုတ်ဘူးလို့ ဥသာမင်းက ထင်ခဲ့ပါတယ်။ ဒါပေမယ့် ဂျွမ်းစစ်သည်တွေဟာ ပုဂံစစ်သည်တော်တွေရဲ့ ထိုးနှက်တိုက်ခိုက်မှုကို အန်မတုနိုင်ဘဲ ကစဉ့်ကလျား ထွက်ပြေးခဲ့ကြရပါတယ်။ ဂျွမ်းစစ်သည်တွေဆိုတာ မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာတဲ့ ပြည်ပက တပ်တွေပါ။

အကယ်၍သာ ဒီဂျွမ်းစစ်သည်တွေကို မအောင်မြင်ခဲ့ရင် သူတို့တစ်တွေဟာ ဥသာ ပဲခူးကနေ ပုဂံနေပြည်တော်အထိ ချီတက်ကျူးကျော်လာနိုင်တယ်ဆိုတာ ယုံမှားဖွယ်မရှိပါဘူး။ ဆိုလိုတာကတော့ ပုဂံနေပြည်တော်မှာ တစ်နည်းအားဖြင့် မြန်မာနိုင်ငံမှာ အင်အားတောင့်တင်းတဲ့ တပ်မတော်သာမရှိခဲ့ရင် နယ်ချဲ့ကျူးကျော်မှုအန္တရာယ်နဲ့ အဲဒီကတည်းက စတင်ကြုံတွေ့နိုင်တယ် ဆိုတာပါပဲ။

တစ်ခါ ၁၆ ရာစုကာလ ဟံသာဝတီခေတ်ဟာ ကုန်သွယ်ကူးသန်းမှုကို အကြောင်းပြုပြီး မြန်မာ့မြေပေါ်ကို ကျူးကျော်မှုတွေ တစ်စ တစ်စ တိုးလို့လာပါတော့တယ်။ အင်္ဂလိပ်တွေက အရှေ့အိန္ဒိယကုမ္ပဏီထူထောင်ပြီး မြန်မာပိုင်ဟိုင်းကြီးကျွန်းကို စစ်ရေး၊ စီးပွားရေးအခြေစိုက် စခန်းဖွင့်ခဲ့ကြပါတယ်။ ပြင်သစ်ကလဲ အင်္ဂလိပ်နဲ့အပြိုင် ကူးသန်းရောင်းဝယ်ရေး လုပ်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ သန်လျင်မှာ ကုန်တိုက်ဖွင့်လာကြပါတယ်။

နောက်တော့ အင်္ဂလိပ်တို့ အရှေ့အိန္ဒိယကုမ္ပဏီရဲ့ လွန်ကျူးလာတဲ့ စီးပွားရေး၊ စစ်ရေးဆိုင်ရာလုပ်ရပ်များကြောင့် ဟိုင်းကြီးကျွန်းက အင်္ဂလိပ်တွေကို မြန်မာ့ တပ်မတော်က ဝင်ရောက်တိုက်ခိုက်ပြီး ဟိုင်းကြီး ကျွန်းကို ပြန်လည် သိမ်းပိုက်ခဲ့ရပါတယ်။ အလားတူပဲ သန်လျင်မှာ အခြေချပြီး သစ်ခိုးထုတ်နေတဲ့ ပြင်သစ် တွေကို ၁၇၅၆ ခုနှစ်မှာ အလောင်းမင်းတရားက တိုက်ထုတ်ခဲ့ရပါတယ်။ ပြင်သစ်တို့က သန်လျင်ကိုလက်မလွှတ်နိုင်တဲ့အတွက် ၎င်းတို့ အာဏာပိုင်ထံ စစ်ကူတောင်းလို့ စေလွှတ်လိုက်တဲ့ စစ်သင်္ဘော သုံးစင်းကိုလဲ မြန်မာ့တပ်မတော်က သိမ်းပိုက် ဖျက်ဆီးနိုင်ခဲ့ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံဟာ မြေပေါ်မြေအောက်သယံဇာတပေါကြွယ်ဝပြီး တောတောင်ရေမြေ သဘာဝ မျှတတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် နယ်ချဲ့တွေဟာ ပေါကြွယ်ဝတဲ့ မြန်မာ့သယံဇာတပစ္စည်းတွေကို မက်မက်မောမော ရယူလိုဇောနဲ့ မြန်မာနိုင်ငံအတွင်း ဝင်ရောက်နှောင့်ယှက် နယ်ချဲ့ဖို့ကြိုးစားကြတာပဲ ဖြစ်ပါတယ်။ ဒီတော့ မြန်မာနိုင်ငံမှာ စုပေါင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုတွေ စည်းလုံးညီညွတ်မှုသာ မရှိရင် ပြီးတော့ အင်အားတောင့်တင်းတဲ့ တပ်မတော်သာ မရှိခဲ့ရင် နိုင်ငံ့လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာကို ဒီလိုပဲ ထိပါးခံနေရဦးမှာ ဖြစ်ပါတယ်။ ဒါက တပ်မတော် အင်အားရှိခဲ့လို့ တိုင်းပြည်အင် အားရှိခဲ့တဲ့ကာလများရဲ့ သမိုင်းစဉ်မှတ်တမ်းများပဲ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်း ကာလများမှာတော့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားကျဆင်းလာတာရယ်၊ တစ်နိုင်ငံလုံး ဖြန့်ကြက်နိုင်တဲ့ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေး စွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ရှိတဲ့ တပ်မတော် မရှိခဲ့တာရယ်ကြောင့် ဘကြီးတော်မင်းတရားလက်ထက် ၁၈၂၄ခုနှစ်မှာ ပထမအင်္ဂလိပ်–မြန်မာ စစ်ပွဲကြီးဖြစ်ပွားပြီး မြန်မာပိုင်အာသံ၊ မဏိပူရ၊ ရခိုင်နှင့် တနင်္သာရီနယ်တွေကို နယ်ချဲ့လက်ထဲ ထိုးအပ်လိုက်ရပါတော့တယ်။

မြန်မာတိုင်းရင်းသားတွေဟာ အမိမြေကို တစ်လက်မမျှ အထိမခံဘဲ မိမိတို့နယ်၊ မိမိတို့ဒေသအသီးသီးကနေ နယ်ချဲ့တွေကို မျိုးချစ်စိတ်အပြည့်နဲ့ ပြန်လည်တွန်းလှန် တိုက်ခိုက်ခဲ့ကြပေမယ့် နယ်ချဲ့တို့ရဲ့ နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ သွေးခွဲမှုတွေကြောင့်၊ ဒါ့ပြင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အချိတ်အဆက် မမိဘဲ စည်းလုံးမှုအင်အားနည်းခဲ့တာကြောင့် ခုလို နယ်ချဲ့တို့ကို အရှုံးပေးလိုက်ရတာလဲပါပါတယ်။ ဒါကြောင့် နယ်ချဲ့တို့ရဲ့ ဉာဉ်ဆိုးဖြစ်တဲ့ သွေးခွဲသပ်လျှိုမှု
အန္တရာယ်ကို တိုင်းရင်းသားပြည်သူများ သိရှိ
ထားပြီး အဖျက်ရန်စွယ်မှန် သမျှကို တပ်မတေ
အတူ လက်တွဲ တိုက်ခိုက်နိုင်မှသာ ထိရေ
အကျိုးရှိတဲ့ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်ပါတ

နယ်ချဲ့တွေဟာ ပထမ အင်္ဂလိပ်–မြ
စစ်ပွဲအပြီးမှာ မြန်မာ့တပ်မတော်ရဲ့ စစ်ရေးစွမ်း
အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်း
အားနည်းမှုတွေကို ကောင်းစွာသိသွားခဲ့ပြီ ဖြ
တယ်။ သူတို့ရဲ့ ရည်မှန်းချက်အတိုင်း မြ
နိုင်ငံရဲ့ ကျန်ဒေသတွေကိုပါ သိမ်းပိုက်နိုင်ဖို့ ကြ
ပါတော့တယ်။ မခိုင်လုံတဲ့ အကြောင်းပြချက်
အပြစ်ရှာပါတော့တယ်။

ပုဂံမင်းလက်ထက်မှာ ဖြစ်ပါတယ်။ နယ
တွေဟာ မော်လမြိုင်၊ စစ်တွေ စတဲ့ကမ်းရိုး

တက္ကသိုလ်မောင်သုလိုင

မြို့တွေမှာ သစ်၊ ဆန်တွေကို ရောင်းဝယ
သာမကဘဲ ရန်ကုန်မှာပါပြောင်းရွှေ့ပြီး အ
အဝယ်လုပ်လာတဲ့ ကာလဖြစ်ပါတယ်။
ဝန်းကျင်ကာလ ၁၈၅၀ပြည့်နှစ်ကုန်ပိုင်းမှာ အင်
ကုန်သင်္ဘော နှစ်စင်းဟာ အခွန်မပေးဆောင်
အတွက် ကုန်ပစ္စည်းအချို့ကို တိတ်တ
သယ်ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းကို ဆိုက
လာပါတယ်။ ဒါကြောင့် ရန်ကုန်မြို့တော်ဝန် ဦ
ဟာ အဲဒီ သင်္ဘောနှစ်စင်းကို ဥပဒေနဲ့အညီ ဖမ
အရေးယူပြီး ဒဏ်ငွေ ပေးဆောင်စေခဲ့ပါတ
ဒါကိုမကျေနပ်လို့ သင်္ဘော ကပ္ပတိန်နှစ်ဦးဖြ
လူဝစ်(စ်)နှင့်ရှက်ပက်(ဒ်)တို့က အိန္ဒိယဘုရင်ခံ
လော့ဒ်ဒါလ်ဟိုဇီထံ လှမ်းတိုင်ပါတယ်။ ဘုရင်ခံ
က လျော်ကြေးမပေးတဲ့အပြင် ကပ္ပတိန်နှစ်
အရှက်ရအောင်လုပ်တဲ့အတွက် မြန်မာအစိုးရ
လျော်ကြေးပြန်ပေး ဖို့နဲ့ မြို့ဝန်ကို ပြောင်း
တောင်းဆိုပါတယ်။ ဒါကို ရိုးရိုး သံတမန်န
မတောင်းဆိုဘဲ ဗိုလ်မှူးချုပ် လင်း
ခေါင်းဆောင်တဲ့ ရေတပ်အဖွဲ့ကို စစ်သင
လွှတ်ပြီး တောင်းဆိုပါတယ်။ ပုဂံမင်းက အင
တို့ရဲ့ တောင်းဆိုချက်ဖြစ်တဲ့ မြို့ဝန်ကို ပြောင
ပေးခဲ့ပေမယ့် စစ်မက်ဖြစ်ပွားဖို့ အကြောင်းရှာ
အင်္ဂလိပ်တွေဟာ မြန်မာပိုင် ရေနန်းယာ
သင်္ဘောကို သိမ်းသွားပါတယ်။

၁၈၅၂ခုနှစ် ဖေဖော်ဝါရီ ၈ရက်
အိန္ဒိယဘုရင်ခံချုပ်က မြန်မာမင်းဆီကို ပြင်းထ
ရာဇသံတစ်စောင်ပေးပို့ ပြန်ပါတယ်။ အဲဒီရာ
မှာမြို့ဝန်ထံ စာလာပေးတဲ့ ၎င်းတို့ရဲ့ အ
အရှက်ရအောင်ပြုခဲ့ခြင်းအတွက် မြို့ဝန်ကိုယ
ဝန်ချတောင်းပန်ဖို့၊ သင်္ဘောကပ္ပတိန်နှစ်
နစ်နာအောင်လုပ်တဲ့ အတွက် လျော်ကြေးငွေ
အပ်ဖို့၊ ပြီးတော့ ရန်ကုန်ကို ချီတက်ဖို့ စ
ဆင်ရတဲ့အတွက် ကုန်ကျစရိတ် ငွေဒင်္ဂါးတစ
ပေးဖို့၊ အင်္ဂလိပ်အစိုးရရဲ့ ကိုယ်စား လှယ်တစ
ရန်ကုန်မြို့မှာ လက်ခံအသိအမှတ်ပြုပေးဖို့
အချက်တွေပါ ပါတယ်။

ဝင်ရောက် လာနေကြပါပြီ။ အချို့က ကုန်သည်လိုတစ်မျိုး၊ အချို့က ချစ်ကြည်ရေးသံတမန်လို တစ်သွယ်ရောက်ရှိလာကြတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့အဖြစ် စတင်အခြေချလာသူကတော့ ပေါ်တူဂီလူမျိုး ဗဇင်ကာခေါ် ဖိလစ်ဒီဗရစ်တို ဆိုသူပါပဲ။ အဲဒီနောက် ခရစ်နှစ် ၁၆၂၇ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်းကို ဒတ်ချ်၊ အင်္ဂလိပ်နဲ့ ပြင်သစ်တွေ ဝင်ရောက်လာကြပါတယ်။ ဒုတိယမြန်မာနိုင်ငံတော်ကြီး အစည်းပြေလို့ တပ်မတော်အင်အားကျဆင်းရတဲ့အချိန်မှာ နယ်ချဲ့တွေ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီနောက် တတိယမြန်မာနိုင်ငံတည် အလောင်းမင်းတရားလက်ထက်မှာ နယ်ချဲ့တွေ

မှာ မြန်မာနိုင်ငံဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မြဲလို့ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်ခဲ့တာတွေ၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲခဲ့တာတွေ၊ အရှေ့တောင်အာရှတစ်လွှားမှာ အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ထင်ရှားခဲ့တာတွေ၊ တစ်ဆက်တည်းမှာပဲ တပ်မတော် အင်အားကြီးမားတောင့်တင်းခိုင်မာခဲ့တာတွေဟာ မြန်မာ့သမိုင်းမော်ကွန်းများမှာ အထင်အရှား ရှိခဲ့ပြီးဖြစ်ပါတယ်။ အထူးသဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ ဘုရင့်နောင်မင်းတရားကြီး လက်ထက်မှာ ဖြစ်ပါတယ်။ အဲဒီကာလမှာ အနောက်နိုင်ငံအချို့ကနယ်ချဲ့ တွေဟာ မြန်မာနိုင်ငံကို နည်းမျိုးစုံနဲ့

တပ်မတော်အင်အားရှိတဲ့ ခေတ်ကာလတိုင်းမှာ မြန်မာနိ
နယ်နိမိတ်၊ ခိုင်မြဲတဲ့လုံခြုံမှုနဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြ
စွမ်းရည်သုံးရပ် ပြည့်ဝနေသည်နှင့်အမျှ နိုင်ငံတော်မှာ ငြ
ပြည့်စုံကြွယ်ဝခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ ရလဒ်ကောင

နယ်ချဲ့ကြေးစားငဇင်ကာ၏ သန်လျင်ခံတပ်မြို့ကို မြန်မာ မျိုးချစ်သူရဲကောင်းများက အရိုးကြေကြေ အရေခန်းခန်း မလျှော့သော ဇွဲသတ္တိဖြင့် ရှုပ်ရှုပ်ချုံချုံတိုက်ခိုက်ခဲ့ပုံကို ပန်းချီဖြင့် ဤသို့ မှတ်တမ်းတင်ခဲ့သည်။

နှစ် (၆၀) ပြည့် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

ရာယ်ကို တိုင်းရင်းသားပြည်သူများ သိရှိသတိ ပြီး အဖျက်ရန်စွယ်မှန် သမျှကို တပ်မတော်နဲ့ လက်တွဲ တိုက်ခိုက်နိုင်မှသာ ထိရောက် ျူးရှိတဲ့ အောင်မြင်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။

နယ်ချဲ့တွေဟာ ပထမ အင်္ဂလိပ်–မြန်မာ အပြီးမှာ မြန်မာ့တပ်မတော်ရဲ့ စစ်ရေးစွမ်းရည်၊ ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည် နည်းမှုတွေကို ကောင်းစွာသိသွားခဲ့ပြီ ဖြစ်ပါ ။ သူတို့ရဲ့ ရည်မှန်းချက်အတိုင်း မြန်မာ ရဲ့ ကျန်ဒေသတွေကိုပါ သိမ်းပိုက်နိုင်ဖို့ ကြိုးစား ာ့တယ်။ မခိုင်လုံတဲ့ အကြောင်းပြချက်တွေနဲ့ စ်ရှာပါတော့တယ်။

ပုဂံမင်းလက်ထက်မှာ ဖြစ်ပါတယ်။ နယ်ချဲ့ ဟာ မော်လမြိုင်၊ စစ်တွေ စတဲ့ကမ်းရိုးတန်း

င်အားရှိခဲ့သည်

တက္ကသိုလ်မောင်သုလှိုင်

ွမှာ သစ်၊ ဆန်တွေကို ရောင်းဝယ်နေရုံ ကဘဲ ရန်ကုန်မှာပါပြောင်းရွှေ့ပြီး အရောင်း ယ်လုပ်လာတဲ့ ကာလဖြစ်ပါတယ်။ အဲဒီ ျင်ကာလ ၁၈၅၀ပြည့်နှစ်ကုန်ပိုင်းမှာ အင်္ဂလိပ် သင်္ဘော နှစ်စင်းဟာ အခွန်မပေးဆောင် လိုတဲ့ က် ကုန်ပစ္စည်းအချို့ကို တိတ်တဆိတ် ဆောင်ပြီး ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ် ါတယ်။ ဒါကြောင့် ရန်ကုန်မြို့တော်ဝန် ဦးအုပ် အဲဒီ သင်္ဘောနှစ်စင်းကို ဥပဒေနဲ့အညီ ဖမ်းဆီး းယူပြီး ဒဏ်ငွေ ပေးဆောင်စေခဲ့ပါတယ်။ မကျေနပ်လို့ သင်္ဘော ကပ္ပတိန်နှစ်ဦးဖြစ်တဲ့ ်(စ်)နှင့်ရှက်ပက်(ဒ်)တို့က အိန္ဒိယဘုရင်ခံချုပ် ဒ်ဒါလ်ဟိုဇီထံ လှမ်းတိုင်ပါတယ်။ ဘုရင်ခံချုပ် လျော်ကြေးမပေးတဲ့အပြင် ကပ္ပတိန်နှစ်ဦးကို ်ရအောင်လုပ်တဲ့အတွက် မြန်မာအစိုးရထံက ်ကြေးပြန်ပေး ဖို့နဲ့ မြို့ဝန်ကို ပြောင်းပေးဖို့ င်းဆိုပါတယ်။ ဒါကို ရိုးရိုး သံတမန်နည်းနဲ့ ာင်းဆိုဘဲ ဗိုလ်မှူးချုပ် လင်းဘတ် းဆောင်တဲ့ ရေတပ်အဖွဲ့ကို စစ်သင်္ဘောနဲ့ ်ပြီး တောင်းဆိုပါတယ်။ ပုဂံမင်းက အင်္ဂလိပ် တောင်းဆိုချက်ဖြစ်တဲ့ မြို့ဝန်ကို ပြောင်းရွှေ့ ပေမယ့် စစ်မက်ဖြစ်ပွားဖို့ အကြောင်းရှာနေတဲ့ လိပ်တွေဟာ မြန်မာပိုင် ရေနန်းယာဉ်သာ ်ာကို သိမ်းသွားပါတယ်။

၁၈၅၂ခုနှစ် ဖေဖော်ဝါရီ ၈ရက်နေ့မှာ သဘုရင်ခံချုပ်က မြန်မာမင်းဆီကို ပြင်းထန်တဲ့ သံတစ်စောင်ပေးပို့ ပြန်ပါတယ်။ အဲဒီရာဇသံ ့ဝန်ထံ စာလာပေးတဲ့ ၎င်းတို့ရဲ့ အရာရှိ ်ရအောင်ပြုခဲ့ခြင်းအတွက် မြို့ဝန်ကိုယ်တိုင် ျတောင်းပန်ဖို့၊ သင်္ဘောကပ္ပတိန်နှစ်ဦးကို ာအောင်လုပ်တဲ့ အတွက် လျော်ကြေးငွေပေး ို့၊ ပြီးတော့ ရန်ကုန်ကို ချီတက်ဖို့ စစ်ပြင် ရတဲ့အတွက် ကုန်ကျစရိတ် ငွေဒင်္ဂါးတစ်သန်း ့၊ အင်္ဂလိပ်အစိုးရရဲ့ ကိုယ်စား လှယ်တစ်ဦးကို ုန်မြို့မှာ လက်ခံအသိအမှတ်ပြုပေးဖို့ စတဲ့ ်တွေပါ ပါတယ်။

အဲဒီရာဇသံကို မြန်မာက အကြောင်းပြန်ခြင်း မပြုခဲ့ပါဘူး။ အဲဒီအကြောင်းပြချက်နဲ့ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲကို အင်္ဂလိပ်တို့ဘက်က စတင်ဆင်နွှဲပါတော့တယ်။

နယ်ချဲ့တို့ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်တဲ့ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲဟာ ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲထက် လွယ်ကူ လျင်မြန်တဲ့ စစ်ပွဲတစ်ပွဲလို့ဆိုရမှာ ဖြစ်ပါတယ်။ အကြောင်းက နယ်ချဲ့အင်္ဂလိပ်တို့ဟာ အင်အားယုတ်လျော့ချည့်နဲ့နေတဲ့ မြန်မာ့တပ်မတော်ရဲ့ အခြေအနေကို သိနေလို့ပါပဲ။ နယ်ချဲ့တွေဟာ ပထမအင်္ဂလိပ်–မြန်မာ စစ်ပွဲကတည်းက မြန်မာ့တပ်မတော်မှာ စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် မပြည့်စုံတာတွေ၊ ပြီးတော့ လက်နက်အင်အား မပြည့်စုံတာတွေကို ကောင်းကောင်းသိခဲ့ပါပြီ။

ဒါကြောင့် ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲနဲ့ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲ ဖြစ်ပွားရခြင်း အကြောင်း၊ ပြီးတော့ စစ်ရှုံးရခြင်းရဲ့ အကြောင်းတရားတွေကို လေ့လာကြည့်ရင် ထိုခေတ် ထိုကာလက အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ် မရှိခဲ့လို့ဆိုတဲ့အချက်ကို တွေ့ရမှာဖြစ်ပါတယ်။ တပ်မတော် အင်အားမရှိတဲ့အတွက် ပြည်ပက နှောင့်ယှက်မှုတွေ၊ နယ်ချဲ့ကျူးကျော်မှုတွေဟာ အလွယ်တကူ သွေးတိုးစမ်း ဝင်ရောက်လာကြတာ ဖြစ်ပါတယ်။

ဒုတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့်ဘုရင့်နောင်မင်းတရားကြီး

မင်းတုန်းမင်း လက်ထက်မှာတော့ ခေတ်မီ တပ်မတော်ဖြစ်ရေးနဲ့ အင်အားတောင့်တင်းတဲ့ တပ်မတော်ဖြစ်ရေးအတွက် အစီအမံတွေ ပြုလုပ်လာခဲ့ပါတယ်။ မင်းတုန်းမင်းဟာ နိုင်ငံတော် တည်ဆောက်ရေးအတွက် ၁၈၆၇ခုနှစ်မှာ စာချုပ်အရ အင်္ဂလိပ် ကုန်သည်တွေထံက လက်နက်တွေဝယ်ယူဖို့ ကြိုးပမ်း ခဲ့ပါတယ်။ ဒါကိုသိတဲ့ အိန္ဒိယဘုရင်ခံချုပ်က အင်္ဂလိပ်ကုန်သည်တွေကို မြန်မာဘုရင်ထံ လက်နက်မရောင်းဖို့ တားမြစ်လိုက်ပါတယ်။ ဒါနဲ့ မြန်မာဘုရင်က အီတလီနဲ့ ပြင်သစ်တို့ထံမှ စစ်ဘက်ဆိုင်ရာ ပစ္စည်းတွေဝယ်ယူဖို့ ကြိုးစားပြန်ပါတယ်။ ဒီနေရာ မှာလည်း အဲဒီပစ္စည်းတွေသယ်ဖို့ အောက်မြန်မာပြည်ကနေ ဖြတ်သန်းခွင့် မပြုနိုင်ဘူးလို့ အင်္ဂလိပ် ဝန်ရှင်တော်မင်းက တားပြန်ပါတယ်။

တကယ်တော့ အင်္ဂလိပ်အစိုးရဟာ မြန်မာနိုင်ငံကို ခေတ်မီလက်နက်နိုင်ငံဖြစ်လာမှာကိုရော၊ အင်အားတောင့်တင်းတဲ့ တပ်မတော်ရှိလာမှာကိုပါ

ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး

မလိုလားဘူးဆိုတာ ထင်ရှားတဲ့အချက်ပါပဲ။ ဒါမှလဲ ၎င်းတို့ရဲ့ အထက်မြန်မာပြည် သိမ်းပိုက်ရေးအစီအစဉ်ကို အလွယ်တကူစီမံနိုင်မှာဖြစ်ပါတယ်။

တစ်ခါ တစ်ဖက်ကလဲ လက်နက် ဝယ်ယူရေး အခက်အခဲကို ကျော်လွှားနိုင်ဖို့ ကနောင်မင်းသားကြီးက လက်နက်စက်ရုံတည်ပြီးတော့ ခေတ်မီလက်နက်တွေ ထုတ်ဖို့ စီစဉ်ပါတယ်။ ဒါပေမယ့် နန်းတွင်းရေး အရှုပ်အထွေးတွေကြားက အင်္ဂလိပ်နဲ့ စစ်မက်ရင်ဆိုင်ရေးမလိုလားသူတွေကြောင့် အဲဒီ အစီအစဉ်ကလဲ မအောင်မြင်ခဲ့ပြန်ပါဘူး။ ဒီတော့ ခေတ်မီ တပ်မတော်ဖြစ်ရေး၊ အင်အားတောင့်တင်းတဲ့ တပ်မတော်ဖြစ်ရေးအတွက် လိုအပ်တယ် ဆိုတာ သိလျက်နဲ့ အလှမ်းဝေးခဲ့ရပါတယ်။

နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ ရည်မှန်းချက်ဟာ မြန်မာ တစ်နိုင်ငံလုံးကို သိမ်းပိုက်ရေးပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝတာကြောင့် မင်းတုန်းမင်း လက်ထက်မှာကတည်းက အင်္ဂလိပ်နဲ့ ပြင်သစ်တို့ဟာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းအတွက် အထက်မြန်မာပြည်မှာခြေရှုပ်လို့နေကြပါပြီ။ သီပေါမင်း လက်ထက်ရောက်တော့ အင်္ဂလိပ်နဲ့ ပြင်သစ်တို့ဟာ အထက်မြန်မာပြည်မှာ ဈေးကွက်ရရှိဖို့အတွက် အပြိုင်အဆိုင်အလုအယက်ဖြစ်နေကြပါပြီ။ ဒါကြောင့် ၁၈၈၅ခုနှစ် အောက်တိုဘာလ ၂၄ရက် နေ့ထုတ် နယူးယောက်တိုင်း သတင်းစာက **‘အထက်မြန်မာပြည်သည် ကမ္ဘာတွင် မဖွင့်ရသေးသည့် အကောင်းဆုံးဈေးကွက်ဖြစ်ကြောင်း၊ ပြင်သစ်တို့သည် ယင်းဈေးကွက်ကို အပိုင်စီးရန် ခြေပုန်းခုတ်နေကြောင်း၊ အထက်မြန်မာပြည်ကို ကုန်သွယ်ရေးလုပ်ငန်းများအတွက် အသုံးပြုသင့်ကြောင်း’** အင်္ဂလိပ် တို့ကို တိုက်တွန်းရေးသားထားတာ တွေ့ရပါတယ်။

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ပြင်သစ်တို့ လွှမ်းမိုးသွားမှာကို မလိုလားခဲ့ကြပါဘူး။ ဒါကြောင့် မူလကတည်းက အထက်မြန်မာပြည်သိမ်းယူရေး၊ အစီအမံတွေကိုချထားပြီး ဖြစ်ပါတယ်။ ၁၈၈၅ ခုနှစ် ဧပြီလမှာ အင်္ဂလိပ်ပိုင် ဘုံဘေဘားမား သစ်ကုမ္ပဏီက သစ်ခိုးထုတ်မှုကိစ္စဖြစ်ပွားပါတယ်။ မြန်မာအစိုးရကမိလို့ သစ်ကုမ္ပဏီကို ဒဏ်ငွေရိုက်ပါတယ်။ သစ်ကုမ္ပဏီက ဒဏ်ငွေမဆောင်ဘဲ အိန္ဒိယဘုရင်ခံချုပ်ထံ တိုင်ကြားပါတယ်။ အိန္ဒိယဘုရင်ခံချုပ်ဟာ အမှုနဲ့မသက်ဆိုင်တဲ့ “မြန်မာနှင့် နိုင်ငံခြားဆက်သွယ်ရေးကို အင်္ဂလိပ်အား အသိပေးရမယ်” ဆိုတဲ့ အချက်ပါဝင်တဲ့ ရာဇသံကို ပို့ပါတယ်။ မြန်မာအစိုးရက ဒဏ်ရိုက်တဲ့အမှုကို ရုပ်သိမ်းပေးခဲ့ပေမယ့် အချည်းနှီးဖြစ်ခဲ့ရပါတယ်။

တတိယမြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့်အလောင်းမင်းတရားကြီး

မူလကတည်းက မြန်မာနိုင်ငံကို အခမ္ဘသိမ်းပိုက်ရန် အကြံအစည်အတိုင်း နယ်ချဲ့အင်္ဂလိပ်တို့ဟာ အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲကို ဖန်တီးပါတော့တယ်။

နယ်ချဲ့အင်္ဂလိပ်တို့ဟာ တတိယအင်္ဂလိပ် မြန်မာစစ်ပွဲကို ၁၅ ရက်သာ ဆင်နွှဲလိုက်ရပြီး အထက်မြန်မာပြည်ကို အလွယ်တကူ သိမ်းပိုက်လိုက်ပါတော့တယ်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မတရားသိမ်းယူခဲ့တာနဲ့ပတ်သက်လို့ ဝင်စတန်ချာချီ ရေးသားတဲ့ သူ့ရဲ့အဘိုးဖြစ်သူ ရင်းဒေါ့ဖ်ချာချီ (ထိုစဉ်က အိန္ဒိယ ပြည်ဆိုင်ရာ အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သူ)အကြောင်းစာအုပ်မှာ “အင်္ဂလိပ်အစိုးရသည် မြန်မာပြည်ကို ပြင်သစ်လွှမ်းမိုးမည်စိုးသဖြင့် ပါလီမန်၏ဆန္ဒနှင့် ဆန့်ကျင်ကာ သဘောတူညီမှုမရရှိဘဲ အတင်းအဓမ္မ မတရားသိမ်းရသည်”လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် အင်္ဂလိပ်နိုင်ငံရေး ခေါင်းဆောင် လော့ဒ်ပီးလ်ကလဲ သူ့ရဲ့ “အင်္ဂလန်ပြည်၏ မိတ်ဆွေများ”စာအုပ်မှာ “အင်္ဂလိပ်တို့က အထက်မြန်မာပြည်ကို မတရားသိမ်းယူခြင်းဖြစ်ကြောင်း၊ ယင်းသို့သိမ်းယူ ခြင်းကို မည်သူမျှ သဘောမတူကြောင်း၊ သို့ရာတွင် မြန်မာများက ပြင်သစ်တို့နှင့် ဆက်ဆံနေသဖြင့် လက်မလွှန်မီ အဓမ္မသိမ်းပိုက်ရခြင်းဖြစ်ကြောင်း”လို့ ရေးထားပါတယ်။

မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် ရှေးခေတ် မြန်မာနိုင်ငံမှာ တပ်မတော် အင်အားရှိလို့ တိုင်းပြည်အင်အားရှိခဲ့တဲ့အကြိမ် သုံးကြိမ်နဲ့ တပ်မတော်အင်အား မရှိခဲ့လို့ ရှုံးနိမ့်ခဲ့ရတဲ့ အင်္ဂလိပ်–မြန်မာစစ်ပွဲကြီးသုံးကြိမ်ရှိခဲ့ပါတယ်။ နောက်ဆုံး မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ရ တဲ့အထိပါပဲ။

တပ်မတော်အင်အားရှိတဲ့ ခေတ်ကာလတိုင်းမှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့မြေပေါ်မှာ တိကျတဲ့ နယ်နိမိတ်၊ ခိုင်မြဲတဲ့လုံခြုံမှုနဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်တည်ရှိခဲ့ပါတယ်။တပ်မတော်ဟာ စွမ်းရည်သုံးရပ်ပြည့်ဝနေသည်နှင့်အမျှ နိုင်ငံတော်မှာ ငြိမ်းချမ်းသာယာခြင်း၊ စားရေရိက္ခာပြည့်စုံကြွယ်ဝခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ ရလဒ် ကောင်းတွေ ရရှိနေမှာဖြစ်ပါတယ်။

ဒီလိုစွမ်းရည်ပြည့်ဝတဲ့ တစ်နည်းအားဖြင့် အင်အားရှိတဲ့ တပ်မတော်ရှိနေ တာနဲ့အမျှ တိုင်းပြည်ဟာအစဉ်အမြဲအင်အားရှိနေမယ်ဆိုတာ ရှေးခေတ်မြန်မာ့သမိုင်းဖြစ်စဉ်များအရ ဖော်ညွှန်းဖွင့်ဆိုရေးသားလိုက်ရကြောင်းပါ။ ။

ဒါကြောင့် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲနဲ့ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားရခြင်း အကြောင်း၊ ပြီးတော့ စစ်ရှုံးရခြင်းရဲ့ အကြောင်းတရားတွေကို လေ့လာကြည့်ရင် ထိုခေတ် ထိုကာလက အင်အားတောင့်တင်းတဲ့ တပ်မတော်တစ်ရပ် မရှိခဲ့လို့ဆိုတဲ့ အချက်ကို တွေ့ရမှာဖြစ်ပါတယ်။

ကိုလိုနီနယ်ချဲ့တို့ကို မြန်မာ့တပ်မတော်က ပြောင်မြောက်စွာ ရဲရဲဝံ့ဝံ့တွန်းလှန်တိုက်ခိုက်ခဲ့သည့် ဆရာကြီး ဦးဘကြည် ရေးဆွဲသော ပန်းဝါတိုက်ပွဲပန်းချီကား။



်ကာလတိုင်းမှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့မြေပေါ်မှာ တိကျတဲ့ အခြာအာဏာပိုင်နိုင်ငံအဖြစ် တည်ရှိခဲ့ပါတယ်။တပ်မတော်ဟာ ့်အမျှ နိုင်ငံတော်မှာ ငြိမ်းချမ်းသာယာခြင်း၊ စားရေရိက္ခာ ်ခြင်းဆိုတဲ့ ရလဒ်ကောင်းတွေ ရရှိနေမှာဖြစ်ပါတယ်။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)သို့ ရောက်ရှိလာသည်။

တိုင်းမှူးနှင့် မြို့တော်ဝန်တို့အား ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဌာနမှူးဦးဇော်ဝင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဦးသောင်းရင်၊ ရာပြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းတို့က ကြိုဆိုကြသည်။

တိုင်းမှူးနှင့်မြို့တော်ဝန်အား ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက ငမိုးရိပ်ဆည်ပင်မ တူးမြောင်းမှ ရေသွယ်ယူရန် ရေခေါ်တူးမြောင်းဖောက်လုပ်ခြင်း၊ ရေတွန်းစက်ရုံ၊ အကြိုအနယ်ထိုင်ကန်၊ အနယ်ထိုင်ကန်၊ သဲရေစစ်ကန်၊ ရေစုကန်၊ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် လျှပ်စစ်သွယ်ယူမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်နေမှု

ထို့နောက် တိုင်းမှူးနှင့်မြို့တော်ဝန်အား စီမံကိန်းဝင်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းတင်ပြပြီးနောက် ငမိုးရိပ်ချောင်းဖြတ်ရေငုပ်ပြွန်တည်ဆောက်နေမှု၊ ရေကတစ်ကျေးရွာအနီး ငမိုးရိပ်တူးမြောင်းမှ ပင်မရေယူအဆောက်အအုံ ကွန်ကရစ်မြောင်း အပြီးသတ်ဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

အဆင့်ဆင့်ကြီးကြပ်

တိုင်းမှူးနှင့် မြို့တော်ဝန်သည် လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးနောက် ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)အား သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ အလေအလွင့် မရှိစေရေး၊ လုပ်ငန်းများ ကြံ့ခိုင်မှုရှိပြီး ရေရှည်အကျိုးရှိစေရေး၊ အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုရှိစေရေးတို့ကို မှာကြားခဲ့ကြောင်းသိရသည်။ (၂၁၀)

မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုစစ်ဆေး

ရန်ကုန် မတ် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဌာနချုပ်မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် အထက်ပစ္စယာ၌ မီးသတ်ဦးစီးဌာန၏ အကြံပြုချက်ဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားသော မီးဘေးကာကွယ်ရေးပစ္စည်းများ၊ ငှက်ပျောဖူးတော်ထိပ်ပိုင်းအထိ ရေပိုက်လိုင်းတပ်ဆင်ကာ ရေဖျန်းနိုင်သည့်စနစ် တပ်ဆင်ထားခြင်း အခြေအနေများနှင့် ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်၊ မီးသတ်ဆေးဘူးများထားရှိခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ရင်ပြင်တော်ရှိ ဘုရား၊ ကျောင်း၊ ကန်နှင့်ဇရပ်များ မီးဘေးလုံခြုံမှုအခြေအနေများနှင့် ရင်ပြင်တော်တွင် မီးငြိမ်းသတ်ရေးအတွက် ရေလုံလောက်စွာရရှိရေး၊ ပိဋကတ်တိုက်တွင် မီးအချက်ပေးကိရိယာနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများ တပ်ဆင်ထားမှု၊ အလယ်ပစ္စယာတွင်ထားရှိသော မီးသတ်ရေတိုင်ငုတ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၀-၃-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် သစ္စညာဏ်၊ ကစ္စညာဏ်၊ ကတညာဏ်

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ **"မမှောင်သောအလင်း"** (အပိုင်း-၅)
၄:၄၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရင်မှာတိုးဝှေ့မွှေးနေဆဲ"** (အပိုင်း-၁၆)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ မြန်မာ့ရှုခင်း
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ English Premier League ဘောလုံးပွဲ Liverpool Vs Everton

ရတနာပုံတက္ကသိုလ်အဝင် တောင်သမန်လမ်းမကြီးဘေးတိုးချဲ့မြေထိန်းနံရံတည်ဆောက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် လှည့်လည်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များမှာကြား

ရန်ကုန် မတ် ၁၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ ဦးစောလွင်နှင့်ဌာနမှူးများ လိုက်ပါလျက် မတ်၁၅ရက် နံနက်စနာရီက ရတနာပုံတက္ကသိုလ်အဝင် တောင်သမန် လမ်းမကြီး လမ်းဘေးအကျယ် တိုးချဲ့ခြင်းနှင့်ကျောက်ရိုးစီ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏မြို့တော် စက္ကူစက်ရုံ လုပ်ငန်းများဆောင်ရွက်နေမှု၊ မနော်ရမ္မံပျိုးခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံတက္ကသိုလ် အဝင် တောင်သမန်လမ်းမကြီးသို့ ရောက်ရှိပြီး အဆိုပါလမ်းမကြီး လမ်းသားအကျယ် တိုးချဲ့ခြင်းနှင့် တောင်သမန်ရေတိုက်စားမှုကိုခံနိုင်ရန် လမ်းဘေးတစ်လျှောက် ကျောက်ရိုးစီ မြေထိန်းနံရံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လမ်းသားတိုးချဲ့ မြေကျစ်လျစ်ခိုင်မာမှုရှိစေရေး၊ ကျောက်ရိုးစီ မြေထိန်းနံရံ အရည်အသွေး ပြည့်မီရေး ကြပ်မတ်ဆောင်ရွက်ရန် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများအား မှာကြားသည်။

အခြေအနေ

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)၊ (ဈ)ရပ်ကွက်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြို့တော်စက္ကူစက်ရုံသို့ ရောက်ရှိလာရာ စက်ရုံရုံးခန်းတွင် ဌာနမှူးနှင့် စက်ရုံမှူးတို့က စက္ကူစက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှု၊ စက်ပစ္စည်းများ အခြေအနေနှင့် ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် စက္ကူစက်ရုံအတွင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထွက်ရှိသော စက္ကူအရည်အသွေးများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပျိုးခြံ

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် ၆၂လမ်းရှိ မနော်ရမ္မံ ပျိုးခြံသို့ ရောက်ရှိပြီး အဆိုပါ ပျိုးခြံအတွင်း ပျိုးထောင်စိုက်ပျိုးထားသော ဇန်ဒါ၊ မယ်ဇလီ၊ မယ်ဇယ်၊ ရေတမာ၊ ခရေ၊ မန်ကျည်း၊ ကုက္ကို၊ ပိတောက်၊ စိန်ပန်းကြီး၊ စိန်ပန်းလေး၊ အော်ရီရှား၊ တမာ၊ ပုန်းညက်၊ သရက်၊ တောင်ဝင်အုန်းနှင့် ပန်းအလှပင်များ စုစုပေါင်းပျိုးပင် ၁၀၀၅၆၇ပင်ပျိုးထောင်စိုက်ပျိုး ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မိုးရာသီတွင် မြို့တွင်း မြေချစိုက်ပျိုးသွားနိုင်ရေး အတွက် ခရေ၊ကံ့ကော်၊တမာပင်များ တိုးချဲ့ ပျိုးထောင်စိုက်ပျိုးသွားရန် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားသည်။

မန္တလေး မြို့တော် စည်ပင် သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၏ ပျိုးခြံစုစုပေါင်း ၁၃ ခြံရှိပြီး ပျိုးပင် စုစုပေါင်း ၆၈၆၀၁၉ ပျိုးထောင်စိုက်ပျိုးထားကြောင်း သိရသည်။

(မြို့တော်စည်ပင်)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပသည့် Miss ASEAN 2005 ပြိုင်ပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ကိုယ်စားပြု ဒိုင်လူကြီး ဒေါ်ခင်မြင့်မြင့် (မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ)၊ လေ့လာသူ မေနန်းဦးနှင့် မိတ်ကပ်ပညာရှင် အောင်ကြည်ထွန်း (မိတ်ကပ်အောင်အောင်) တို့ လိုက်ပါ၍ မတ်၁၅ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(က-ပ)

ဖြူးမဟာစည်ရိပ်သာ တရားစခန်း ကျင်းပမည်

ရန်ကုန် မတ် ၁၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် ကမာရွတ် ဘူတာအနောက်ဘက် ဘူတာရုံလမ်း အမှတ်(၅)ရပ်ကွက် အေးရိပ်မွန်အပိုင်း(၁) ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တနရပတိ (သာသနာဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ) ဖြူးဆရာတော် ကိုယ်တိုင် ဦးစီး၍ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝါရနှင့် ဓမ္မကထိက အရှင်သူမြတ်များက ဧပြီ ၉ရက်မှ ၁၈ ရက်အထိ ဝိပဿနာတရားတော်များ ဟောကြားပြသသွားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဖုန်း-၆၈၂၇၁၁၊ ၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁)တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အကြမ်းဖက်သမားများ၏အဖျက်လုပ်ရပ်ကြောင့်ပေါက်ကွဲမှုအချို့ဖြစ်ပွား ပြည်သူများလုံခြုံရေးသတိဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာကနှိုးဆော်ထား

ရန်ကုန် မတ် ၁၉

၂၀၀၅ခုနှစ် ဇန်နဝါရီလဆန်းမှစ၍ မြန်မာနိုင်ငံနှင့် တစ်ဖက်နိုင်ငံနယ်စပ်ဒေသရှိ ပြည်ပြေးအကြမ်းဖက်အဖျက်သမားများက မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးမှုများ တိုးမြှင့်ဆောင်ရွက်ရန် စီမံနေကြောင်း သတင်းများကို ကြိုတင်ရရှိခဲ့သည်။

မက်လုံးပေးစည်းရုံး

NLD(LA)က ဖောက်ခွဲဖျက်ဆီးရေး သမားတစ်ဦးကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ထိုင်းဘတ်ငွေ ၈၀၀၀ ပေးပြီး ၂၀၀၅ ခုနှစ် ဇန်နဝါရီလဆန်းအတွင်းကလည်းကောင်း၊ ABSDF အဖွဲ့က ဖောက်ခွဲဖျက်ဆီးရေးသင်တန်းပေးပြီးသူ ၎င်းတို့အဖွဲ့ဝင် ဖောက်ခွဲဖျက်ဆီးရေးသမား သုံးဦးကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့်အတူ ဇန်နဝါရီ နောက်ဆုံးပတ်တွင်လည်းကောင်း မြန်မာနိုင်ငံအတွင်းသို့ စေလွှတ်ခဲ့ကြောင်း သတင်းများရရှိခဲ့သည်။

ထို့အတူ ပြည်ပြေးအကြမ်းဖက်အဖျက်သမားများဖြစ်သော NCUB၊ FTUB၊ ဗကပ(UG)နှင့် စွမ်းအားမြင့် ကျောင်းသားစစ်သည်တော်များအဖွဲ့တို့ကလည်း အကြမ်းဖက်သမားများ စုဆောင်းခြင်း၊ ၎င်းတို့အား ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ ပေးခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများစုဆောင်းခြင်းတို့ကို စီမံဆောင်ရွက်နေကြောင်း၊ သင်တန်းဆင်းပြီးသူများအား အဖွဲ့များခွဲခြားဖွဲ့စည်းကာ ဖောက်ခွဲဖျက်ဆီးမှုများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းများခွဲ၍ စေလွှတ်လျက်ရှိကြောင်း၊ ဖောက်ခွဲမှုအောင်မြင်ပါက ဆုငွေအဖြစ် ဒေါ်လာနှင့် အခြားနိုင်ငံခြားသုံးငွေပေးမည်ဟု မက်လုံးပေး စည်းရုံးထားကြောင်း သတင်းများ ရရှိခဲ့သည်။

ဖမ်းဆီးရမိ

သို့ပါ၍ လုံခြုံရေးဆိုင်ရာတာဝန်ရှိ ဌာနများနှင့် ဝန်ထမ်းများသည် လုံခြုံရေးအစီအမံများဖြင့် အလေးထားကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။ပြည်သူများကိုပါ အသိပေးကာ ပြည်သူတို့၏ သတင်းပေးမှု၊ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုများရအောင် ဆောင်ရွက်ခဲ့ရာ ပြည်သူများကလည်း သတင်းပေးခြင်း၊ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခြင်းများပြုခဲ့ကြသည်။ တာဝန်သိပြည်သူများ၏ ကြိုတင်သတင်းပေးမှုအရ တနင်္သာရီတိုင်းရှိ တနင်္သာရီတံတားကို ဖောက်ခွဲဖျက်ဆီးရန် ABSDF မှ စေလွှတ်လိုက်သော အကြမ်းဖက်ဖောက်ခွဲရေးသမား ဝင်းအောင် (၃၂)နှစ်အား ၅-၂-၂၀၀၅ ရက်နေ့တွင် တနင်္သာရီမြို့၌ ဖမ်းဆီးရမိခဲ့သည်။

ပေါက်ကွဲမှုမရှိ

ထို့အတူ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်တွင် ရပ်တန့်ထားသော မကွေး-ရန်ကုန်-ပုသိမ်ပြေးဆွဲသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ မသင်္ကာဖွယ် သားရေပိုက်ဆံအိတ် တစ်လုံးကို ၁၆-၃-၂၀၀၅ရက်နေ့က သိမ်းဆည်းရမိခဲ့သည်။ ၎င်းပိုက်ဆံအိတ်ကို လုံခြုံရေးတာဝန်ရှိသူများက စစ်ဆေးရာ နာရီတစ်လုံး၊ ဓာတ်ခဲ အသေးနှစ်လုံး၊ ဒစ်တိုနေတာ တစ်ခု၊ ဝါယာကြိုးနှင့် ယမ်းထုပ်များဖြင့် စနစ်တကျပြုလုပ်ထားသော ချိန်ကိုက်မိုင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ၎င်းချိန်ကိုက်မိုင်းကို လုံခြုံရေးတာဝန်ရှိသူများက ကြိုတင်ရှင်းလင်းနိုင်ခဲ့သဖြင့် ပေါက်ကွဲမှု တစ်စုံတစ်ရာ မရှိခဲ့ပါ။

ထိခိုက်ဒဏ်ရာရခြင်း မရှိ

ယင်းသို့အဖျက်လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိစေရန် လုံခြုံရေးတာဝန်ရှိသူများနှင့် ပြည်သူလူထုက ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း မတ် ၁၇ရက် ည ၉နာရီ မိနစ် ၄၀တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ ၎င်းကားဝင်းအတွင်း ညအိပ်ရပ်နားထားသော မကွေး-ရန်ကုန်-ပုသိမ် ပြေးဆွဲသည့် ယာဉ်အမှတ်(၆ခ/၆၄၂၄)ပေါ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယာဉ်၏ ညာဘက်ခြမ်းကိုယ်ထည် တစ်ပေပတ်လည်ခန့် ပွင့်ထွက်ကာ ထိုင်ခုံအချို့နှင့် ပြတင်းတံခါးမှန်အချို့ ပျက်စီးသွားခဲ့သည်။ လူတစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ပါ။

ထို့ပြင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း PANORAMA ဟိုတယ် တတိယထပ်ရှိ အခန်းအမှတ် ၃၀၉ အတွင်း၌ မတ်၁၉ရက် နံနက် ၁နာရီ ၁၅မိနစ်တွင် ပေါက်ကွဲမှု တစ်ခုထပ်မံဖြစ်ပွားခဲ့သည်။ ယင်းပေါက်ကွဲမှုကြောင့် သန့်စင်ခန်းအတွင်းရှိ ရေချိုးကန်၊ လက်ဆေးကန်၊ သန့်စင်ခန်းမျက်နှာကြက်နှင့် သန့်စင်ခန်းတံခါးတို့ ပျက်စီးခဲ့သည်။ လူထိခိုက်ဒဏ်ရာရရှိမှု မရှိပါ။

တိုက်တွန်းနှိုးဆော်ထား

ထိုဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်အဖျက်သမားများကို ဖမ်းဆီးရမိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ ပြည်သူများ ထိတ်လန့်ချောက်ချားစေရန်နှင့် ပြည်သူများ၏ အလုပ်အကိုင်များ ပျက်ပြားစေရန် လုပ်ဆောင်နေကြသည့် အကြမ်းဖက်အဖျက်သမားများကို ကြိုတင်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြည်သူအားလုံးက မသင်္ကာဖွယ်ရာများ တွေ့ရှိပါက အချိန်မီသတင်းပေးပို့ပြီး တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန်နှင့် လုံခြုံရေးသတိထားရှိကြရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်ရုံးက ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၀၅)သင်တန်းဆင်းပွဲကို မတ်၁၁ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သင်တန်းခန်းမတွင်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးတင်ကိုက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း၌ မတ်၁၇ရက် ည၉နာရီ မိနစ်၄၀တွင် မကွေး-ရန်ကုန်-ပုသိမ်ပြေးဆွဲသည့် ယာဉ်အမှတ်(၆ခ/၆၄၂၄) ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားရာ မော်တော်ယာဉ်၏ ယာဘက်ခြမ်းကိုယ်ထည် ပျက်စီးသွားသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



တောင်ဥက္ကလာပမြို့နယ် ရွှေမန်းသူကားဂိတ်၌ ရပ်တန့်ထားသော မကွေး-ရန်ကုန်-ပုသိမ်ပြေးဆွဲသည့် မော်တော်ယာဉ်ပေါ်မှ မတ် ၁၆ရက်က သိမ်းဆည်းရမိသော မသင်္ကာဖွယ် သားရေပိုက်ဆံအိတ်(အညို)ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၄)ရပ်ကွက် ပန်းဆိုးတန်းလမ်းရှိ PANORAMAဟိုတယ် တတိယထပ် အခန်းအမှတ်(၃၀၉) သန့်စင်ခန်းအတွင်း မတ်၁၉ရက် နံနက် ၁နာရီ၁၅မိနစ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် ပါရမီကားဝင်းအတွင်း မတ်၁၇ရက် ည ၉နာရီ မိနစ်၄၀တွင် မကွေး-ရန်ကုန်-ပုသိမ်ပြေးဆွဲသည့် ယာဉ်အမှတ်(၆ခ/၆၄၂၄)ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားရာ မော်တော်ယာဉ်၏ ထိုင်ခုံတန်းတစ်ခု ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

20-3 (11).p65 1 3/25/05, 8:29 PM

နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိ ပြည်သူတို့၏ အကျိုးစီးပွားကို အားတက်သရော‌ဆောင်ရွက် နိုင်ငံတော်နှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် မတ် ၁၉

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မတ် ၁၃ ရက် နံနက်ပိုင်းက ထားဝယ်မြို့နှင့် ထားဝယ်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ကျန်းမာရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည်ထားဝယ် လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက ထားဝယ်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းကို ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ယူ တည်ဆောက်နေမှု အခြေအနေ၊ လေယာဉ်ပြေးလမ်းကို အလျားပေ ၁၂၀၀၀၊ အကျယ်ပေ ၁၀၀နှင့် ထု ၂၆ လက်မ တည်ဆောက်ရန် သတ်မှတ်ထားမှု၊ ယင်းအတွက် မြေကြီးလုပ်ငန်း ပေ ၈၀၀၀ ပြုပြင်မြေဖို့ ပြီးစီးမှု၊ ထားဝယ်-ရေးကားလမ်းကို လေယာဉ်ကွင်း ရှောင်ကွင်းလမ်း ပြန်လည်ဖောက်လုပ်ခြင်း၊ ပေ ၆၂၅၀ ကတ္တရာလမ်းဆောင်ရွက် ပြီးစီးမှု၊အလျားပေ ၄၄၀၀ အထိ အကျယ်ပေ ၁၀၀ ကို ၁၂ လက်မထု ကွန်ကရစ် ခင်းပြီးစီးမှု၊ ၂၀၀၅ခု ဒီဇင်ဘာလကုန်တွင် အကျယ်ပေ ၁၂၀၀၀ကို ကွန်ကရစ် ခင်းခြင်းပြီးစီးနိုင်မည့်အခြေအနေ၊ စက်ယန္တရားနှင့် လူအင်အား အခြေအနေ တို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ**(အပေါ်ယာပုံ)** စီမံကိန်းရှင်းလင်းဆောင်၌ ထားဝယ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ငွေက ထားဝယ်တက္ကသိုလ်၌ ပုံမှန်သင်တန်းများသာမက သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ သုတေသနစာတမ်းများ ပြုစုနေမှုအခြေအနေနှင့် သုတေသနတွေ့ရှိချက်များဖြင့် နိုင်ငံတော်အား အလုပ်အကျွေးပြုသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပင်မဆောင် အဆောက်အအုံကို သတ်မှတ်ကာလ ၂၀၀၅ခုနှစ် စက်တင်ဘာလအကုန်တွင် ပြီးစီးရေး၊လုပ်ငန်းလျာထားမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ကျန်ရှိနေမှုတို့ကို ဇယားရေးဆွဲထားရှိရေး၊ အရည်အသွေးကောင်းမွန်ရေး၊ အမှန်လိုအပ်သော ဦးစားပေး အဆောက်အအုံများကို ဦးစားပေးတည်ဆောက်ပေးရေး၊ တက္ကသိုလ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ကြရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထားဝယ်-မောင်းမကန် လမ်းတစ်လျှောက်ရှိ လမ်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မောင်းမကန်ကမ်းခြေသို့ ရောက်ရှိပြီး မောင်းမကန်ကမ်းခြေ၏ သဘာဝကမ်းခြေအလှနှင့် ကမ်းခြေစခန်း ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကလိန်အောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ များကို မှာကြားသည်။

ရှေးဦးစွာ ကလိန်အောင်မြို့ အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က ကလိန်အောင်မြို့ ဒေသဆိုင်ရာအခြေအနေများကို တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် ကလိန်အောင်မြို့ အဆင့်အတန်းမြင့်မားပြီး ဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာရုံးများဖွင့်လှစ်ပြီး ဒေသနေပြည်သူများအား လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ မြို့ပြ၏အင်္ဂါရပ်နှင့်အညီ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယနေ့ကာလတွင် ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ယင်းကို မျက်ကွယ်ပြု၍ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် မလုပ်ဆောင်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ခြယ်လှယ်လွှမ်းမိုးမှုကို ခံရမည်ဖြစ်ပြီး နိုင်ငံလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပါ လက်လွှတ်ဆုံးရှုံးမည်ဖြစ်ကြောင်း၊ ဤအခြေအနေကို ရေရှည်မျှော်တွေးသော နိုင်ငံတော်အကြီးအကဲက မိမိတို့ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ဝိုင်းဝန်းကူညီကြရေးတို့ကို မလွဲမသွေ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာ ဝန်ထမ်း များက ပြည်သူတို့၏ အကျိုးစီးပွားကို အားတက်သရော ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့ဒေသဖွံ့ဖြိုး တိုးတက်ရေးတို့ကို အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဥပဒေစည်းမျဉ်းဘောင်အတွင်းမှ သမ္မာအာဇီဝကျသော စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် ဒေသတွင် ဖြစ်ထွန်းအောင်မြင်သော ရော်ဘာ၊ဆီအုန်းနှင့် စပါးစိုက်ပျိုးရေး တို့ကို လုပ်ဆောင်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေဖြူမြို့နယ်ရှိ ဟိန္ဒဲတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁၃)မှ အင်ဂျင်နီယာမှူး ဦးစိုးမြင့်က အရှည်ပေ ၁၈၀၊ အကျယ် ၃၂ ပေရှိ သံကူကွန်ကရစ်အမျိုးအစားတံတားကို ခံနိုင်ဝန် ၆၀ တန် ရရှိရန် ဆောင်ရွက်နေမှု အခြေအနေ၊ တံတားကို ၂၀၀၅ ခုနှစ် မေလကုန်တွင် အပြီးတည်ဆောက်မည့် အစီအစဉ်နှင့် ကမ်းကပ်ခုံတံတားတိုင် နှစ်ဖက်လုံး ပြီးစီးမှု၊ ရေလယ်တိုင် နှစ်တိုင် တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နွေစပါးစံကွက်များ၌ စပါးရိတ်သိမ်းနေမှု၊ စပါးခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေမှုနှင့် အထွက်နှုန်း ခြင်တွယ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



နွေစပါးစံကွက် ရိတ်သိမ်းပွဲတွင် ထားဝယ်မြို့နယ် ဇဟာကျေးရွာမှ ဦးတင်ရွှေ၏ သီးထပ်ရင် စပါးစံကွက် ၁ ဒသမ ၃၂ ဧက၌ တစ်ဧကအထွက်နှုန်း တင်း ၁၁၀၊ ဦးတင်ရွှေ၏ သီးထပ်ရင်စပါး စံကွက် ၁ ဒသမ ၁၀ ဧက၌ တစ်ဧက အထွက်နှုန်း ၁၂၆ တင်းနှင့် ဒေါ်ဝေးကြည်၏ ကမ်းရိုးတန်း မျိုးစံကွက် ၁ ဒသမ ၂၀ ဧက၌ တစ်ဧကအထွက်နှုန်း ၁၁၅ တင်းထွက်ရှိကြကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မတ် ၁၄ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ စက်မှုဇုန်ရှိ ပြိုင်မြင်းဘက်စုံသုံး သုံးဘီးမော်တော်ယာဉ်နှင့် သုံးဘီးဆိုင်ကယ်ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြိုင်မြင်းဘက်စုံသုံး သုံးဘီးမော်တော်ယာဉ်နှင့် သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်ဇေယျက ယာဉ်များထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို လိုက်လံပြသ ရှင်းလင်းတင်ပြပြီး ရှင်းလင်းဆောင်၌ ဘက်စုံသုံး သုံးဘီးမော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်၊ ယာဉ်များကိုပြည်တွင်းထုတ်လုပ် ပစ္စည်း ၇၅ ရာခိုင်နှုန်း၊ ပြည်ပ ထုတ်လုပ် ပစ္စည်း ၂၅ ရာခိုင်နှုန်း သုံးစွဲထုတ်လုပ်နေမှုအခြေအနေ၊ ဈေးကွက် ဝင်ဆံ့မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ယာဉ်များကို စံချိန်စံညွှန်း ပြည့်မီစွာ တိုးတက် ထုတ်လုပ်ရေး၊ ဈေးကွက်ဝင်ဆံ့ရေးတို့ကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထုတ်လုပ်ပြီးဖြစ်သော သုံးဘီးနှင့် မော်တော်ယာဉ်များ စမ်းသပ်မောင်းနှင်သရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၉

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား(၂) မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင်လစဉ် တရားစခန်းပွဲများဖွင့်လှစ်လျက်ရှိရာ တပေါင်းလ တရားစခန်းပွဲကို တပေါင်းလပြည့်ကျော်၃ ရက်(တနင်္ဂနွေနေ့)မတ် ၂၇ရက်မှ ဧပြီ ၆ရက်အထိ ၁၀ရက် တရားစခန်းပွဲ၊ တန်ခူးလ တရားစခန်းပွဲကိုတပေါင်းလပြည့်ကျော် ၁၅ ရက် (သောကြာနေ့) ညနေအရောက်၊ ဧပြီ ၈ ရက်မှ ၁၇ ရက် အထိ ၁၀ ရက် တရားစခန်းပွဲများ ဖွင့်လှစ်လျက်ရှိရာ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပမည့် Preview in Daegu Int'l Textile Fair သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်ခင်အေးမြင့်ခေါင်းဆောင်သည့်အဖွဲ့ မတ် ၁၆ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း အတွင်းရေးမှူး ဒေါ်လှဝတီနှင့် အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (က-ပ)

လမ်းများကောင်းမွန်ရေး အရှိန်မြှင့် ဆောင်ရွက်နေမှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ငွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြို့တော်အဆင့်မြင့်ရေး၊ လမ်းများကောင်းမွန်စေရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် ရှေးဦးစွာ မြို့တော်ဝန်သည် အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ဒေါ်ပုံ ကျောက်ခွဲစက်နှင့် နိုင်လွန်ကွန်ကရစ် ကတ္တရာဖျော်စက်ဝင်းသို့ ရောက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း လမ်းများအဆင့်မြင့် ခင်းကျင်းနိုင်ရန် လိုအပ်သည့် လိပ်သဲကျောက်များ၊ စက်ယန္တရားကြီးများဖြင့် ကြိတ်ခွဲနေမှု၊ စုဆောင်းထားရှိမှု ကတ္တရာပုံးများ ရောက်ရှိသိုလှောင်ထားရှိမှုနှင့် နိုင်လွန်ကွန်ကရစ် ကတ္တရာများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုရာ အင်ဂျင်နီယာဌာန(လမ်းနှင့် တံတား)ဌာနမှူး ဦးဗိုလ်ငွေနှင့် တာဝန်ရှိသူများက လိုအပ်သည့် ကျောက်များ၊ နိုင်လွန်ကတ္တရာများ နေ့စဉ်ထုတ်လုပ်ပြီး အသုံးပြုလျက်ရှိသည့် လုပ်ငန်းခွင်များသို့ ပို့ဆောင်ပေးနေမှု၊ အသုံးပြု စက်ယန္တရားကြီးများ၏ ကြံ့ခိုင်မှုအခြေအနေနှင့် ပြုပြင်ရန် လိုအပ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်က ပွင့်လင်းရာသီအတွင်း လုပ်ဆောင်ရန် သတ်မှတ်ထားသည့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် လုပ်ဆောင်ရေး၊ စက်စွမ်းအား အပြည့်အဝအသုံးချနိုင်ရန် စက်များ၏ ကြံ့ခိုင်မှုကို စဉ်ဆက်မပြတ် စစ်ဆေးရေး၊ လေလွင့်မှုမရှိစေရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူ အဆင့်ဆင့်က အထူးကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာမွေမြို့နယ် ဗညားဒလလမ်း၊ စက်ရုံလမ်းမှ ကျိုက္ကဆံလမ်းအကြား ခြောက်လမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းခြင်း လုပ်ငန်းအစိတ်အပိုင်းဖြစ်သည့် ဗညားဒလလမ်း အနောက်ဘက်ခြမ်း ယုဇနပလာဇာအနီး သုံးလမ်းသွား နိုင်လွန်ကတ္တရာ ခင်းကျင်းနေမှု အခြေအနေနှင့် အလုံမြို့နယ် ကွင်းကျောင်းလမ်းအနီး ကမ်းနားလမ်းမကြီး ခြောက်လမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ သွက်လက်လျင်မြန်စွာ ဆောင်ရွက်ရေး၊ စနစ်တကျရှိစေရေးနှင့် အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစေရန် အထူးဂရုပြုဆောင်ရွက်ကြရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး မှာကြားကြောင်း သိရသည်။

(သတင်းစဉ်)

မှော်ဘီမြို့နယ်ခရိုင်ချင်းဆက်လမ်းဖောက်လုပ် စိုက်ပျိုးမွေးမြူရေးဇုန်သို့ အလွယ်တကူသွားလာနိုင်မည်

ရန်ကုန် မတ် ၁၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းအတွင်း မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဝါးနက်ချောင်းကျေးရွာလမ်းဆုံမှ ကြာအင်း(အနောက်) ကျေးရွာသို့ ဆက်သွယ်သည့် တစ်ကြောင်းထိုး ဖောက်လုပ်ထားသည့် လမ်းသို့ ရောက်ရှိရာ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့က ခရိုင်ချင်းဆက်လမ်းနှင့် ညောင်နှစ်ပင်ဆက်သွယ်သည့် လမ်းမကြီးဆုံမည့်နေရာကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် တစ်ကြောင်းထိုးဆောင်ရွက်ပြီးစီးသည့် လမ်းအူကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ကြာအင်း (အနောက်) ကျေးရွာနှင့် ညောင်နှစ်ပင်ဆက်သွယ်သည့်လမ်းကို စည်ပင်သာယာရေးဦးစီးဌာနပိုင် စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် အလေအလွင့်နည်းပါးစွာဖြင့် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး၊ မိုးမကျမီ လုပ်ငန်းပြီးစီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

အချိန်တိုအတွင်းသွားလာနိုင်

အဆိုပါ ခရိုင်ချင်းဆက်လမ်း ဆောင်ရွက်ပြီးစီးပါက မှော်ဘီမြို့နယ်ရှိ ဝါးနက်ချောင်းကျေးရွာ၊ အခြားကျေးရွာအုပ်စုများနှင့် ညောင်နှစ်ပင်ဒေသ စိုက်ပျိုးမွေးမြူရေးအထူးဇုန်သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည့်အပြင် ရန်ကုန်မြို့အတွင်းသို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

နေရာကွက်၍ မိုးသက်လေပြင်းတိုက်နိုင်

ရန်ကုန် မတ် ၁၉

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလလယ်ခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့၌ နေ့အပူချိန်များ သိသိသာသာ တိုးတက်လာမည်ဖြစ်ရာ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် အချို့နေရာများ၌ နေရာကွက်၍ လေပြင်းများ တိုက်ခတ်နိုင်သည်။

လေပြင်းကျစဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ မိုင် ၅၀ အထိ ခေတ္တမျှတိုက်ခတ်နိုင်ပြီး တစ်ခါတစ်ရံ မိုးသက်လေပြင်းနှင့်အတူ မိုးရွာခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကက်လီယာရီက ဆမ်ဒေါ်ရီယာကို နိုင်ပြီး အီတာလျံဖလား အကြိုဗိုလ်လုပွဲတက်ရောက်

ရောမ မတ် ၁၉

အီတာလျံဖလား ကွာတားဖိုင်နယ် ဒုတိယအကျော့ဘောလုံးပွဲစဉ်အဖြစ် အီတလီနိုင်ငံ ဖာရာရစ်ကွင်း၌ ကြာသပတေးနေ့က ကက်လီယာရီအသင်းနှင့် ဆမ်ဒေါ်ရီယာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကက်လီယာရီအသင်းက နှစ်ပွဲပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့်နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ကက်လီယာရီ အသင်းသည် ဒုတိယအကျော့တွင် ဆမ်ဒေါ်ရီယာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

သို့ရာတွင် ကက်လီယာရီအသင်းသည် ပထမအကျော့ပွဲစဉ်တွင် ဆမ်ဒေါ်ရီယာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ထားခဲ့၍ နှစ်ပွဲပေါင်းရလဒ်ကောင်းခဲ့သည်။

ဒုတိယအကျော့ပွဲစဉ်တွင် ဆမ်ဒေါ်ရီယာအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ၁၉မိနစ်တွင် ခရစ္စတီယာနိုဒိုနီက ခေါင်းတိုက်သွင်းယူသွားခဲ့သည်။

ဆမ်ဒေါ်ရီယာအသင်းအတွက် ဒိုနီက ခေါင်းတိုက်ဂိုးသွင်းယူလိုက်စဉ်။
(ဓာတ်ပုံ-အေပီ)

ဆမ်ဒေါ်ရီယာတို့သည် ပထမအကျော့ပွဲစဉ်တွင်ရှုံးထား၍ ဒုတိယအကျော့ပွဲစဉ်တွင် ဂိုးရလဒ်အသာရအောင် မကစားနိုင်သဖြင့် အီတာလျံဖလားနှင့် ဝေးခဲ့ရပြီဖြစ်သည်။

ပထမပိုင်းမပြီးမီ မိနစ်ပိုင်းတွင် ဆမ်ဒေါ်ရီယာကစားသမား ဗယ်လာရီ

ချေပဂိုး

ယင်းဂိုးသွင်းပြီး သုံးမိနစ်အကြာတွင် ကက်လီယာရီအသင်းအတွက် ချေပဂိုးကို အီတလီတိုက်စစ်မှူးမော်ရိအက်စပိုဆစ်တိုက သွင်းယူခဲ့ပြန်သည်။

ကူတာဆော့ဗ် ခုတ်တင်ပေးလိုက်သော ဘောလုံးကို ဒိုနီကပင် အနီးကပ်ကန်သွင်းခဲ့သည်။

ဒုတိယပိုင်းတွင် ဆမ်ဒေါ်ရီယာနည်းပြ ဝဲယ်လ်တာနိုဇယ်လင်နိုက တိုက်စစ်မှူး ဖလက်ချီကိုထည့်သွင်းကစားသော်လည်း စတုတ္ထမြောက်ဂိုး မသွင်းနိုင်၍ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

ဒိုနီနှင့် ကက်လီယာရီနောက်တန်းလူ ဒယ်နီဗိုတို့သည် ဒုတိယပိုင်းတွင် အချင်းများ၍ ထွက်သွားကြရသည်။

ဆမ်ဒေါ်ရီယာတို့ ကစားကွက်ဖန်တီးသူမပါဘဲ ဂိုးသွင်းခွင့်ရရေး အကြိတ်အနယ် ကြိုးစားခဲ့ရသည်။

ကက်လီယာရီ အသင်းသည် အီတာလျံဖလား အကြိုဗိုလ်လုပွဲအဖြစ် အင်တာမီလန်အသင်းနှင့် ကြာသပတေးနေ့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရိုက်တာ**

ကမ္ဘာ့ တစ်လွှား အားကစား

အယ်ဗာတန် ကွင်းလယ်ကစားသမား အကောင်းဆုံးဘောလုံးသမားဆုရ



ကင်ဘာရာ မတ် ၁၉

သြစတြေးလျနိုင်ငံမှ အေသင်အိုလံပစ်တွင် ပါဝင်ကစားခဲ့သော အယ်ဗာတန် ကွင်းလယ်ကစားသမားတင်မ်ကာဟေးလ်အား သမုဒ္ဒရာပိုင်း ဘောလုံးအဖွဲ့ချုပ်က ၂၀၀၄ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားဆုကို ကြာသပတေးနေ့က ပေးအပ်ခဲ့သည်။**(ဝဲပုံ)**

အဆိုပါဆုသည် အင်္ဂလိပ် ပရီမီယာလိဂ်အသင်းဖြစ်သော အယ်ဗာတန်အသင်းနှင့်အတူ တင်မ်ကာဟေးလ်၏ ပထမဆုံးကစားခဲ့သောရာသီအတွင်း ကြိုးပမ်းစွမ်းဆောင်ချက်များကို မှတ်တည်၍ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သမုဒ္ဒရာဘောလုံးအဖွဲ့ချုပ်မှ အတွင်းရေးမှူးချုပ်တိုင်နီကိုလတ်က ပြောကြားသည်။

အသက် ၂၅နှစ်အရွယ်ရှိ ကာဟေးလ်သည် လန်ဒန်ရှိ မေဝေါလ်ကလပ်အသင်းမှ မာဆက်အသင်းသို့ ပြီးခဲ့သည့် ဇူလိုင်လက ပြောင်းရွှေ့ခဲ့သည်။

၎င်းသည် သြစတြေးလျနိုင်ငံကိုယ်စားပြု ဘောလုံးသမားအဖြစ် ကိုးနှစ်ကစားခဲ့ပြီး ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

မတ် ၁၅ရက်က ဒဂုံဆိပ်ကမ်း စက်မှုမြို့စီမံခန့်ခွဲရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို ဒဂုံဆိပ်ကမ်း စက်မှုမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာအောင်ကျော်မြင့် သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ဖားအောက်တောရ သင်္ကြန်အထူးတရားစခန်း

ရန်ကုန် မတ် ၁၉

အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာ့ရိပ်သာ မန္တလေးတောင်ခြေ ဖားအောက်တောရ ကမ္မဋ္ဌာန်းကျောင်းတွင် သင်္ကြန်တွင်း အထူးတရားစခန်းကို ဧပြီ ၉ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားရှုပွားအားထုတ်လိုသူများသည် ဖုန်း- ၀၂-၃၉၃၇၁ သို့ ကြိုတင်ဆက်သွယ် စာရင်းပေးပို့ပြီး ဧပြီ ၈ရက် ညနေအရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဆောင်းပါးပြိုင်ပွဲ ပထမဆုရ သပြေနု၏ ဆောင်းပါးကို ကောက်နုတ် ဖော်ပြပါသည်။

ရောင်နီဦး၏ အလင်းရောင်ပျပျသည် ညအမှောင်ကိုနှုတ်ဆက်ခိုင်းပြီ ဖြစ်သည်။ တော်လှန်ရေးပန်းခြံအတွင်းစစ်ချီသံ၊ စစ်တီးဝိုင်းသံ၊ အောင်စစ်သည်တို့၏စစ်ချီတေးသံတို့သည် ပီသကြည်မြလို့နေပါသည်။ ဒီနေ့၊ ဒီရက်၊ ဒီချိန်ခါမှာ ဒီမြင်ကွင်းသည် ရှုမငြီးစရာဖြစ်ပါသည်။ ထိုမြင်ကွင်းကို ပြုံး၍ ကျေနပ်စွာကြည့်နေသည့် အသက် ၆၀ အရွယ် ပုဂ္ဂိုလ်ကြီးတစ်ဦးရှိနေပါသည်။ မိမိ၏သားသမီးမြေးမြစ်များ၏ စစ်ချီတေးသံ မြေပြင်မှဝေဟင်တိုင် ပျံ့လွင့်နေသည်ကို လွန်စွာ သဘောကျနေဟန် ရှိသည်။ သူသည် အသွင်လက္ခဏာအားဖြင့် တည်ကြည်သောအသွင်နှင့် တိကျပြတ်သားသောအမြင် ရှိသည်။ သူ၏အတွင်းသဏ္ဌာန်ဝယ် ရဲရင့်သောသတ္တိ ရှိသည်။ လေးနက်သောအတွေးနှင့် ရင့်ကျက်သောအိန္ဒြေကိုဆောင်သည်။ သဘောထားကြီးမှုနှင့် စိတ်ဓာတ်မြင့်မြတ်မှုသည် သူ၏လက်တွင် စွဲကိုင်ထားသည်။ သစ္စာတရားကို ရင်ဝယ်ထားသည်။ ယနေ့ထိ သူလျှောက်လှမ်းခဲ့ရသည့် ခရီးကြမ်းဝယ် အန္တရာယ်ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်တွေ့ကြုံခဲ့ရပြီဖြစ်၍ စွန့်လွှတ်စွန့်စားမှုပေါင်းများစွာကို ပေးဆပ်ခဲ့ရပြီး ဖြစ်သည်။ သို့ပေမယ့် သူကျေနပ်ပီတိဖြစ်ပါသည်။ ဘဝ၏ အနှစ် ၆၀ ခရီးသည် များစွာသော အတွေ့အကြုံများကိုရခဲ့ပြီးဖြစ်၍ အနာဂတ်ပန်းတိုင်သို့ သစ္စာတရား၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စည်းကမ်းတို့ကိုအဖော်ပြု၍ ခရီးဆက်ဦးမည်ဖြစ်သည်။ ထိုသူမှာ အခြားမဟုတ်။ သက်တမ်းအားဖြင့် နှစ် ၆၀ ရှိပြီဖြစ်သည့် ယနေ့မြန်မာ့တပ်မတော်ပင် ဖြစ်သည်။

တပ်မတော်ဟုဆိုရာတွင် နိုင်ငံအတွင်း၌ နေထိုင်လျက်ရှိသော တိုင်းရင်းသားများမှ ပေါက်ဖွားလာကြသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသော ပြည်သူတစ်ရပ်လုံး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ မြန်မာ့တပ်မတော်သည် မြန်မာအမျိုးသားအားလုံး၏ လွတ်လပ်ရေးကြိုးပမ်းမှုမှ စတင်သန္ဓေတည်ခဲ့ပြီး မွေးဖွားလာခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာ့တပ်မတော်သည် စတင်သန္ဓေတည်စဉ်ကတည်းက မျိုးချစ်စိတ်နှင့် စတင်ခဲ့ပါသည်။ ကိုလိုနီနယ်ချဲ့လက်အောက်ရှိနေစဉ် မြန်မာ့တပ်မတော်ဖွဲ့စည်းရန် ကြိုးပမ်းခဲ့ခြင်းသည် မြန်မာလူငယ်တိုင်း၏ နှလုံးသားမှ မျိုးချစ်စိတ်၊ဇာတိသွေးကြောင့်ပင် ဖြစ်သည်။ နှစ်ပေါင်း ၁၀၀ကျော် ကျွန်ပြုနေခဲ့သော နယ်ချဲ့ကိုတော်လှန်ရန် ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၇ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့မှာ ရွှေရည်စိမ် လွတ်လပ်ရေးပေးခဲ့သည့် ဖက်ဆစ်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တရားဝင်စစ်ကြေညာကာ တော်လှန်ရေးဆင်နွှဲခဲ့ပြီးနောက် အမျိုးသားရေးအစဉ်အလာကြီးမားသော တပ်မတော်ကို စတင်မွေးဖွားခဲ့သည့် နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။

"အစဉ်အလာ"ဆိုသော စကားရပ်နှင့် ပတ်သက်၍ မြန်မာ့အဘိဓာန်တွင် အစဉ်အဆက်ဟူ၍လည်းကောင်း၊ အစဉ်အဆက်ကျင့်သုံးလာသော ဓလေ့ထုံးစံ၊ ပြုမြဲဖြစ်သော ဓလေ့ထုံးစံဟု ဖွင့်ဆိုထားပါသည်။ အစဉ်အလာသည် တမင်တကာ ဖန်တီး၍မရ။ သမိုင်းမှတင်သည့် မှတ်ကျောက်ပင်ဖြစ်သည်။ သမိုင်းဆိုသည်မှာလည်း နိုင်ငံ၊ လူမျိုး၊ အဆောက်အအုံစသည်တို့၏ ဖြစ်စဉ်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ သမိုင်းသည် အစဉ်အလာကောင်းခဲ့ပါသည်။

ပထမမြန်မာနိုင်ငံတော်ဟု ရာဇဝင်မှာစာတင်ခဲ့သော ပုဂံကေရာဇ်နိုင်ငံတော်ကြီးကို အနော်ရထာမင်းမှ စတင်တည်ဆောက်ခဲ့ပါသည်။ အနော်ရထာမင်း၏ ပထမမြန်မာနိုင်ငံတော်ကြီးမှာ စစ်ရေးအရ စည်းကမ်းကျနပြီး ခိုင်မာတောင့်တင်းသည့်တပ်မတော်တစ်ရပ်ရှိခဲ့ကြောင်းကို ရာဇဝင်မှတ်တမ်းများအရ သိနိုင်ပါသည်။ သိန်းပြု၊ သောင်းပြု၊ ထောင်ပြု၊ ရာပြု၊ ဆယ်ပြုစသည့်ခံတပ်မြို့ ၄၃ မြို့ကို ကိုယ်ပိုင်တည်ဆောက်ခဲ့ခြင်းသည်လည်း ရှေးမြန်မာ့တပ်မတော်ကြီး၏ စည်းကမ်းကျနမှုအစဉ်အလာကောင်းကို အထင်အရှားမြင်သာနိုင်ခဲ့ပါသည်။ ခရစ်နှစ် ၁၃၆၄ခုနှစ် အင်းဝခေတ်မှာ သတိုးမင်းဖျားက နိုင်ငံတစ်ဝန်းလုံးကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး အင်အားတောင့်တင်းလာခဲ့ခြင်းသည်လည်း မြန်မာ့တပ်မတော်၏ စည်းလုံးမှု အစဉ်အလာကောင်းကို မီးမောင်းထိုးပြခဲ့ပါသည်။ ထို့ပြင် ပထမမြန်မာနိုင်ငံတော်ဖြစ်သော ပုဂံ၊ ၎င်းမှသည် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီခေတ်များအထိ စစ်ရေးအမြင်၊ သေနင်္ဗျူဟာများသည် နိမ့်ပါးခြင်းမရှိ။ မြန်မာ့တပ်မတော်သားများအနေဖြင့် အမိနိုင်ငံအပေါ် ချစ်မြတ်နိုးသည့်စိတ်ကြောင့် စစ်ရေးအရာ၌ ထွန်းပြောင်ခဲ့မှုများဖြစ်သည့် ရှေးမြန်မာ့တပ်မတော်၏စွမ်းရည်ကောင်းသည် ယနေ့အထိ တပ်မတော်သားများခံယူကျင့်သုံးရသည့် အစဉ်အလာများဖြစ်သည်။

ကေတုမတီ တောင်ငူခေတ်တွင် မင်းကြီးညို၊ တပင်ရွှေထီးနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့ အင်အားကြီးမားလာပြီး ဒုတိယပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ပြန်ပါသည်။ မြန်မာ့သမိုင်းတွင် ပြောစမှတ်တွင်လောက်သည့် ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ နောင်ရိုးတိုက်ပွဲသည် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် စွန့်လွှတ်စွန့်စားသည့် တပ်မတော်သားတို့ အစဉ်အလာကောင်းကို သက်သေဖော်ညွှန်းလျက်ရှိပါသည်။

တတိယမြန်မာနိုင်ငံတော်ထူထောင်ခဲ့သူ အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ)သည် ယိုယွင်းနေသည့် မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းပြီး ပြည်တွင်း၊ ပြည်ပရန်များကို ချေမှုန်းခဲ့ရာ စည်းလုံးညီညွတ်သော တပ်မတော်ဟူသည့် အစဉ်အလာ သာဓကတစ်ရပ်ရရှိခဲ့ပါသည်။ ကုန်းဘောင်ခေတ်နောက်ပိုင်း ၁၈၂၄ခုနှစ်၊ ၁၈၅၂ခုနှစ်နှင့် ၁၈၈၅ခုနှစ်များတွင် ဗြိတိသျှတို့၏ နယ်ချဲ့မှုကြောင့် မြန်မာဘုရင်နှင့် အချုပ်အခြာအာဏာကို တိုင်းတစ်ပါးသားတို့ သိမ်းယူသွားခဲ့သော်လည်း နှစ်အတော်ကြာသည်အထိ မြန်မာတို့၏ တော်လှန်မှုများကို ကြုံတွေ့ရသဖြင့် ၁၈၈၆ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ဗိုလ်ချုပ်ပရင်ဒါဂတ်(စ်)ကို မြန်မာစစ်မျက်နှာမှ နုတ်ပယ်လိုက်ခြင်းသည် မြန်မာ့တပ်မတော်ကြီး၏ မျိုးချစ်တပ်မတော်ဖြစ်ကြောင်း သက်သေသာဓက တစ်ရပ်အဖြစ် မှတ်တမ်းတင်ထိုက်သည်။

ထို့အတူ အင်္ဂလိပ်–မြန်မာစစ်ပွဲများတွင် နယ်ချဲ့ဗြိတိသျှတို့၏ တပ်များကို တုန်လှုပ်ချောက်ချားစေသည့် ပန်းဝါတိုက်ပွဲ၌ ပန်းဝါစစ်မျက်နှာ ဒေသမှူး ဗိုလ်မှူးကြီးဘိုဝင်က **"မြန်မာတပ်များ၏ သတ္တိရှိရှိ စိတ်ဓာတ် ကြံ့ခိုင်စွာ တစ်ဇွတ်ထိုးတိုက်ခိုက်နည်းကို မည်သည့်တပ်မတော်များမှာမျှ မတွေ့မြင်ဘူးပေ"** ဟု ၎င်း၏အစီရင်ခံစာတွင် ရေးသားခဲ့ပါသည်။ မြန်မာနိုင်ငံ၏မိုးအများဆုံးလဖြစ်သည့် ဩဂုတ် လတွင် ရခိုင်ရိုးမကိုဖြတ်၍ မိုင် ၂၀၀ အထက်ကွာဝေးသော ခရီးကြမ်းဖြင့် ဧရာဝတီမြစ်ဝှမ်းကို နေ့မရွေး၊ ညမရွေး၊ နေ့မမိုတ်၊ ညမအိပ်ခဲ့ဘဲ ချီတက်သွား သည့် မဟာဗန္ဓုလ၏တပ်ကို ဗြိတိသျှတို့အံ့ဩမင်သက်မိခဲ့ကြသည်။ ဤသည်မှာ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်၏ အစဉ်အလာမှတ်တမ်းပင်ဖြစ်ပါသည်။ မြန်မာ့တပ်မတော်၏ အစဉ်အလာကြီးမားသော သူရဲကောင်းစစ်သူကြီး မဟာဗန္ဓုလသည် ဓနုဖြူခံတပ်တွင် မြန်မာ့တပ်မတော်ကြီးအား စီမံကွပ်ကဲလျက်ရှိစဉ် မြန်မာ့တပ်မတော်၏ အရာရှိကြီးများအား စုစည်းခေါ်ယူပြီး မိန့်ခွန်းပြောကြားခဲ့ရာ မိန့်ခွန်းအဆုံးသတ်တွင်–

"အိုသူရဲကောင်းတို့ ယခုငါစွန့်စားဝံ့သကဲ့သို့ အသင်တို့နှင့်တကွ နောင်လာနောက်သားတို့သည် ရဲရင့်တည်ကြည်စွာနှင့် အရေးအရာရှိက မတွန့်မတိုစွန့်စားကြရန် ငါလည်းလက်ငင်းအမှန်ပုံစံပြခဲ့ပေတော့အံ့၊ လိုက်နာကြပါကုန်လော့"ဟု ယနေ့မြန်မာ့တပ်မတော်သားများအတွက်ပါ အကျိုးဝင်သည့် မိန့်ခွန်းကိုပြောကြားခဲ့ပြီး လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်ဖြင့် နယ်ချဲ့ကိုတွန်းလှန်သော **"တပ်မတော်သားတစ်ဦး၏သတ္တိ"**ကို စံနမူနာ ပြသခဲ့ပေသည်။

နယ်ချဲ့တို့၏ မတရားကျူးကျော်ရန်စမှု၊ လိမ်လည်ကောက်ကျစ်မှုတို့ကြောင့် မြန်မာတို့ ထီးနန်းပျောက်ခဲ့သော်လည်း မျိုးချစ်စိတ်ရှိသည့် မြန်မာလူငယ်တစ်စု၏ ကြိုးပမ်းမှုများကြောင့် ပေါ်ထွန်းလာသော မြန်မာ့တပ်မတော်သည် နယ်ချဲ့ဗြိတိသျှကို တိုက်ထုတ်နိုင်ခဲ့သလို ရက်စက်သော ဖက်ဆစ်ကိုလည်း မြန်မာမြေပေါ်မှ မောင်းထုတ်ပစ်နိုင်ခဲ့ပါသည်။ မြန်မာ့တပ်မတော်သည် သမိုင်းအလိုအရ ပေါက်ဖွားလာပြီး မြန်မာတို့၏ မျိုးချစ်စိတ် အမြုတေရတနာဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်ကပင် တစ်ဦးချင်းကိုယ်ကျိုးအတွက် ပဓာနမထားဘဲ အမျိုးသားရေးအတွက် ဦးစားပေးခြင်းအစဉ်အလာမှာ ယနေ့ထိပင်ဖြစ်သည်။

သို့ဖြစ်၍ မျိုးချစ်မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ လက်တွဲပူးပေါင်းမှုများ၏ရလဒ်သည် နှစ်ပေါင်း ၁၀၀ ကျော်ဆုံးရှုံးခဲ့ရသည့် မြန်မာမြေပေါ်၌ မြန်မာ့ပြည်ထောင်စု အလံတော်ကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့တွင် ပြန်လည်လွှင့်ထူနိုင်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန်လွတ်လပ်ရေးရပြီးသော်လည်း နယ်ချဲ့စနစ်၏အမွေဆိုးက နိုင်ငံနှင့်တိုင်းရင်းသားပြည်သူများကို ဒုက္ခပေးလာပြန်သဖြင့် လွတ်လပ်ရေးရပြီးသောအခါ ဗမာပြည်ကွန်မြူနစ်မှာ ဆူပူရာသို့ပါကုန်တော့သည်။ ၁၉၄၈–၁၉၄၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပြည်တွင်းသောင်းကျန်းမှုသည် လွတ်လပ်သောမြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံရေးအကျပ်အတည်းဖြစ်သည်။ ရန်ကုန်အစိုးရဟု ခေါ်ရလောက်သည်အထိ ပြည်တွင်းသောင်းကျန်းမှုများ ပြင်းထန်ခဲ့ပါသည်။ ထိုအခါ တပ်မတော်သည် မိမိ၏အစဉ်အလာအတိုင်း သစ္စာရှိစွာ ရပ်တည်ပေးခဲ့သည်။ တပ်တွင်းစည်းလုံးညီညွတ်မှုကိုရအောင် တည်ဆောက်ခဲ့သည်။ ထိုစဉ်က တပ်မတော်ခေါင်းဆောင်များ တည်ဆောက်ခဲ့သော တပ်တွင်းစည်းလုံးညီညွတ်မှုမှာ ယနေ့တိုင်ခိုင်မြဲတည်ရှိနေသည်မှာ အထင်အရှားပင်ဖြစ်သည်။ ထိုသို့ စည်းလုံးညီညွတ်သော တပ်မတော်ဖြစ်သောကြောင့်လည်း နိုင်ငံတော်တာဝန်ယူရာတွင် ကျစ်လျစ်သိပ်သည်းစွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၀ပြည့်နှစ်မှစ၍ ပြည်တွင်းသောင်းကျန်းမှု အရှိန်လျော့သွားသော်လည်း ကူမင်တန်များ၏ ကျူးကျော်မှုကို တွေ့ကြုံရပြန်သည်။ တစ်ဖန် တစ်ဖက်ကလည်း ပြည်တွင်းသောင်းကျန်းမှုက ခေါင်းထောင်ထလာပြန်တော့ နိုင်ငံတော်အခက်ကြုံရပါသည်။ **"မည်သို့အခက်အခဲပဲကြုံကြုံ တပ်မတော်ကား မဖြိုရေးချ မဖြိုခဲ့ပါချေ"** ၁၉၅၇ခုနှစ် တပ်မတော်၏ သက်စွန့်ဆံဖျား ကြိုးပမ်းမှုကြောင့် ပြည်တွင်း၊ ပြည်ပရန်စွယ်များ ချုပ်ငြိမ်းတော့မည့် အချိန်တွင် ကြုံလာသည်မှာ လက်ရှိ ဖဆပလအစိုးရအတွင်း နှစ်ခြမ်းကွဲမှုပင်ဖြစ်သည်။ သန့်ရှင်း၊ တည်မြဲကွဲပြားမှုကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သို့ နိုင်ငံတော်တာဝန်ကို တရားဝင်လွှဲအပ်ပေးခဲ့ရပြန်ပါသည်။ ၁၉၅၈ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့တွင် တပ်မတော်သည် အိမ်စောင့်အစိုးရတာဝန်ကို ထမ်းဆောင်ရင်း အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်ခဲ့ရသည်။ ၁၉၅၈ခုနှစ် နိုင်ငံရေးပဋိပက္ခသည် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် နိုင်ငံရေးအကျပ်အတည်းကြီးပင်ဖြစ်သည်။ ထိုအချိန်တွင်လည်း တပ်မတော်ဆိုသည့် ပုဂ္ဂိုလ်ကြီးသည် မိခင်မြန်မာပြည်ကြီး၏ အချုပ်အခြာအာဏာတည်တံ့ရေးအတွက် တည်ကြည်စွာရပ်တည် ကာကွယ်ခဲ့ရပြန်ပါသည်။

လွတ်လပ်၍ တရားမျှတသော ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲကျင်းပပြီး အနိုင်ရပါတီပြည်ထောင်စုအစိုးရကို ၁၉၆၀ပြည့်နှစ် ဧပြီလ၄ရက်နေ့တွင် အာဏာပြန်လည်ပေးအပ်ခဲ့သော်လည်း တစ်ချိန်က နယ်ချဲ့အလိုကျရေးဆွဲခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်ဆိုးကြီး ကြုံလာရပြန်သည်။ ထို့ကြောင့် ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့တွင် တပ်မတော်မှ နိုင်ငံ၏အုပ်ချုပ်ရေးတာဝန်ကို ယူခဲ့ရသည်။ ပြည်နယ်များခွဲထွက်ခြင်းကို တားဆီးနိုင်ခဲ့ပြီး ပုဂံခေတ်အနော်ရထာမှစ၍ နိုင်ငံတော်ကြီး စည်းလုံးညီညွတ်ခဲ့သည့် အမျိုးသားရေး အစဉ်အလာကောင်းကို ထိန်းသိမ်းခဲ့ရပါသည်။

သို့သော် ၁၉၈၈ခုနှစ်တွင် ကမ္ဘာ့နိုင်ငံရေးစနစ်များ၏ ပြောင်းလဲမှုနှင့် မြန်မာနိုင်ငံအတွင်း မြေပေါ်မြေအောက် အဖျက်သမားများ၊ ပြည်ပမီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဒီမိုကရေစီအရေး ရှေ့တန်းတင်သည့် ဆူပူဆန္ဒပြမှုများ ကြုံတွေ့ခဲ့ရသည်။ ရိုးသားသောပြည်သူတို့ ထိတ်လန့် တုန်လှုပ်ခဲ့ရသည်။ နိုင်ငံတော်၏ဘိုးဘွားများ အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ရသည့်လွတ်လပ်ရေးကို ထိပါးလာမည့်အရေး ကြုံတွေ့လာကြရပြန်ပါသည်။ မျက်မှောက်ခေတ် သမိုင်းစာမျက်နှာတွင် ၁၉၈၈အဖြစ်အပျက်မှာ အဆိုးရွားဆုံး၊ အကျပ်တည်းဆုံး၊ အခက်ခဲဆုံးဖြစ်သည်။ သို့ပေမယ့် တပ်မတော်သည် ရွှေးတစ်စေ့မျှ တုန်လှုပ်ခြင်းမရှိဘဲ တည်ငြိမ်အေးချမ်းစွာ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ရယူခဲ့သည်။ ဤသည်မှာ မြန်မာနိုင်ငံရေးသမိုင်းတွင် တပ်မတော်၏ အမျိုးသား နိုင်ငံရေးစွမ်းဆောင်ချက်များအနက် အပြောင်မြောက်ဆုံး စွမ်းဆောင်ချက်တစ်ရပ်လည်းဖြစ်ခဲ့ပါသည်။ လက်ရုံးရည်နှင့် ရန်သူကို တိုက်ခိုက်နိုင်သလို အမိနိုင်ငံသားတို့အပေါ် ရင်ဝယ်သားပမာ လုံခြုံစေပြီး နှလုံးရည်နှင့် ပြည်ထောင်စုညီနောင်များအကြား ငြိမ်းချမ်းမှုများ ရယူခဲ့သည်။ **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"**ကို ဦးထိပ်ရွက်ပန်ဆင်ထားသည်။

ဆက်လက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ အောင်မြင်မှုများရရှိနေပြီဖြစ်သည်။ ခေတ်အဆက်ဆက် မည်သည့်အစိုးရလက်ထက်တွင်မှ မရရှိခဲ့သည့်ငြိမ်းချမ်းရေးကိုရရှိပြီး တစ်ချိန်က တောတွင်းလက်နက်ကိုင် အဖွဲ့အစည်း ၁၇ဖွဲ့လည်း ငြိမ်းချမ်းစွာ နိုင်ငံတော် အစိုးရနှင့် လက်တွဲပြီး မိမိတို့၏နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေပြီဖြစ်သည်။ အထူးဒေသ ၂၄ ခုပါမကျန် နိုင်ငံတစ်ဝန်းလုံးအကြားအလပ်မရှိ ကဏ္ဍစုံ၊ ဘက်စုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။ တပ်မတော်၏ စွမ်းဆောင်မှုဖြင့် နိုင်ငံတော်သည် အမျိုးသားရေးလမ်းကြောင်းအမှန်ပေါ် ရောက်နေပြီဖြစ်သည်။ ဒီမိုကရေစီရေးသည်လည်း မဝေးတော့ပြီဖြစ်သည်။

မြန်မာ့တပ်မတော်သည် ပေါ်ပေါက်လာကတည်းက အမျိုးသားနိုင်ငံရေးကို အခြေခံသည်။ မျိုးချစ်စိတ်ကို အခြေခံသည်။လွတ်လပ်ရေးကို ဦးဆောင်ရယူပေးခဲ့သော အဖွဲ့အစည်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အခိုင်အမာဆုံး၊ အတောင့်အတင်းဆုံးနှင့် စနစ်တကျအရှိဆုံး ဖွဲ့စည်းတည်ဆောက်ထားသည့် အမျိုးသားနိုင်ငံရေး အဖွဲ့အစည်းကြီးလည်းဖြစ်သည်။ လွတ်လပ်ရေးမရခင်က လွတ်လပ်ရေးသည် အမျိုးသားနိုင်ငံရေးဖြစ်ခဲ့သလို လွတ်လပ်ရေးရပြီး ယနေ့အချိန်တွင် ဒီမိုကရေစီ ထွန်းကားရေးမှာ အမျိုးသားနိုင်ငံရေးပင်ဖြစ်သည်။

တပ်မတော်၏ အမျိုးသားနိုင်ငံရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"နိုင်ငံတော်ရဲ့သမိုင်းကို ပြန်ကြည့်ရင် ပြည်ထောင်စုကြီးပြိုကွဲမယ့် အန္တရာယ်ဟာ မကြာခဏဒုက္ခပေးခဲ့ကြောင်းတွေ့ရတယ်။ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိရမှာ ဖြစ်တယ်။ ပြည်ထောင်စုကြီးပြိုကွဲသွားရင် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာဟာ ဆုံးရှုံးသွားမှာပဲဖြစ်တယ်။ ဒါ့ကြောင့် တို့တစ်တွေဟာ ပြည်ထောင်စုမပြိုကွဲရေးအတွက် အသက်၊သွေး၊ချွေးပေါင်း မြောက်မြားစွာ ရင်းနှီးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြရတာ ဖြစ်တယ်"

ဟု (၅၆)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းတွင် ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

၁၉၆၂ခုနှစ် ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်နှင့် ၁၉၈၈ခုနှစ် အရေးအခင်းများသည် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်နှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တစ်ပါတီတည်းကို အခြေပြုသည့် အချက်များကြောင့်ဖြစ်ရာ ယနေ့ နိုင်ငံတော်အဓွန့်ရှည်တည်တံ့မှုအတွက် အသက်တမျှအရေးကြီးသည်မှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အပြည့်အဝဖော်ဆောင်မည့် ကျစ်လျစ်ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေပင် ဖြစ်သည်။ ၎င်းရည်မှန်းချက်ကို တပ်မတော်အစိုးရက အမျိုးသားရေးပန်းတိုင် အဖြစ်သတ်မှတ်ပြီး ချီတက်ရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်ကာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပနေပြီဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကျရောက်သည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကိုလည်း **"အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး"**ဆိုသည့်ဦးတည်ချက်များဖြင့် အဓိပ္ပာယ်ရှိရှိ ကျင်းပပြီး ရှေ့ခရီးစဉ်ကို ဆက်လက်ချီတက်သွားဦး မည်ဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် နိုင်ငံကြီးအချို့က နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် သွေးထိုးသပ်လျှိုမှုများ၊ မီဒီယာများ ဝါဒဖြန့်အသုံးပြု၍ မှိုင်းတိုက်ခြင်း၊ အကြမ်းဖက်အဖျက်သမားများမွေးမြူ၍ နိုင်ငံဆူပူစေခြင်းစသည့် ကိုလိုနီနယ်ချဲ့၏ အသွင်ဆန်းကို တခမ်းတနားချဲ့ထွင်ပြသနေကြပါပြီ။ သို့ပေမယ့် အနှစ် ၆၀ ပင်ရှိသော်လည်း လေပြည်ထဲတွင် ငယ်ရုပ်ဆင်နေသည့် တပ်မတော်သည်ကား အဆိုပါ အန္တရာယ်ရန်စွယ်အမျိုးမျိုးကို **"မမှိတ်သောမျက်စိ၊ မလစ်သောသတိဖြင့်"**တားဆီးတိုက်ဖျက်လျက်ရှိပါသည်။ ထို့ပြင် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ချီတက်ရာတွင်လည်း **"တပ်မတော်သည် အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ"**ကို အစဉ်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါတော့သတည်း။ ။

ရောင်းမည်

ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီး၊ **ယုဇနကွန်ဒိုတာဝါ** ရှိ အဆင့်မြင့်ပြင်ဆင်ပြီး၊ တစ်ခန်းလျှင် Air Con:(၆)လုံးနှင့် တယ်လီဖုန်းအပါအဝင် ရေမီးအပြည့်အစုံဖြင့် ၁၈၀၀ စတုရန်းပေအကျယ်ရှိ အခန်းအမှတ်(၁၁၀၁) နှင့် ၂၁၀၀ စတုရန်းပေအကျယ်ရှိ အခန်းအမှတ်(၁၁၀၈/ခ)တို့ကို ရောင်းမည်။ ဓာတ်လှေကားရှိသည်။ ကိုယ်ပိုင်မီးစက်ဖြင့် (၂၄)နာရီ မီးအသုံးပြုနိုင်သည်။

ဆက်သွယ်စုံစမ်းရန်–အခန်းအမှတ်–၁၁၀၃၊ယုဇနကွန်ဒိုတာဝါ၊ ဗဟန်းမြို့နယ်။ ဖုန်း–၅၅၈၃၅၉၊ ၅၅၉၁၀၇၊ ၅၅၉၀၈၉။

နွေရာသီ ရေကူးသင်တန်း

သင်တန်းစမည့်ရက် – ၂၆–၃–၂၀၀၅။

နေရာ– **တက္ကသိုလ်များရေကူးကန်(သထုံလမ်း)**

သင်တန်းသားသင်တန်းသူများ စတင်လက်ခံနေပါသည်။

ဖုန်း– ၅၁၃၁၀၉၊ ၀၉၅၁၀၄၁၄၀၊ ၀၉၅၁၁၂၄၇၂။

အမြန်ငှားလိုသည်

Toyota Corolla Van (ဓာတ်ဆီ/ဒီဇယ်ဆီ) 1986 Model နှင့် အထက် (အဖြူရောင်) ယာဉ်ပိုင်ရှင်များ လချုပ်ဖြင့် ငှားလိုပါက အမြန်ဆက်သွယ်နိုင်ပါသည်။

ဖုန်း–၅၄၂၈၃၄၊ ၅၄၄၆၇၅၊ ၅၄၅၉၃၄။

Super One ကုန်တိုက်များ၏ မဟာသင်္ကြန်အထူးအစီအစဉ်

Super One ကျိုက္ကဆံအဆင့်မြင့်ကုန်တိုက် နှင့် Super One ရွှေဘုံသာအဆင့်မြင့် ကုန်တိုက်တို့တွင် ဝယ်ယူသူမိတ်ဆွေမိတ်သဟများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ၁၅-၃-၂၀၀၅ မှ ၁၂-၄-၂၀၀၅အထိ ကျပ် ၃၀၀၀ိ/ နှင့်အထက် ဝယ်ယူအားပေးသူတိုင်းကို Discount များပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဈေးဝယ်ရင် Super One မှာမှ စိတ်ချရပါတယ်။

ဝယ်ယူအားပေးမှုကို ကျေးဇူးတင်လျက်

Super One အဆင့်မြင့်ကုန်တိုက်။

ရောဝတီတိုင်း တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း ချိပ်ပိတ်တင်ဒါ လေလံတင်ရောင်းချရန် ကြော်ငြာ

၁။ ရောဝတီတိုင်းအတွင်းရှိ အောက်ပါတံတားအသုံးပြုခ ကောက်ခံရေးဂိတ်များကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံယှဉ်ပြိုင် ရောင်းချမည်ဖြစ်ပါသည်။

(က) ဝါးခယ်မတံတား (သာမန်တံတား)

(ခ) ရွှေလောင်းတံတား (သာမန်တံတား)

(ဂ) ပုသိမ်တံတား (စီမံကိန်းဝင်တံတား)

၂။ **လျှောက်လွှာထုတ်ယူ/တင်သွင်းနိုင်သောနေရာ။** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပုသိမ်ခရိုင် အင်ဂျင်နီယာမှူးရုံး၊ ပုသိမ်မြို့။

၃။ **လျှောက်လွှာတင်သွင်းနိုင်သည့်ကာလ။** ။၁၈–၃–၂၀၀၅မှ ၂၇–၃–၂၀၀၅အထိ။

၄။ **ချိပ်ပိတ်တင်ဒါဈေးနှုန်းတင်သွင်းခြင်းနှင့် ဖွင့်လှစ်ရောင်းချမည့်အစီအစဉ်**

(က) နေ့ရက် ။ ။ ၂၈–၃–၂၀၀၅

(ခ) အချိန် ။ ။ နံနက် (၉)နာရီ

(ဂ) နေရာ ။ ။ မြို့တော်ခန်းမ၊ ပုသိမ်မြို့။

၅။ အသေးစိတ် အချက်အလက်နှင့် စည်းကမ်းချက်များအား လျှောက်လွှာပုံစံနှင့်အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပုသိမ်ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပုသိမ်မြို့တွင် ရယူနိုင်ပါသည်။

မှတ်ချက် ။ ။ **ရောဝတီတိုင်းမှ ပုဂ္ဂလိကလုပ်ငန်းရှင်များကိုသာ လေလံယှဉ်ပြိုင်ဆွဲယူခွင့်ပြုမည် ဖြစ်ပါသည်။**

လေလံတင်ရောင်းချရေးကော်မတီ

ရောဝတီတိုင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၂၇၈၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ (ရန်ကုန်တိုင်း)**

JOB VACANCY (For Local Service Only)

Food Technologist (Male) (2) posts

Qualifications

- B.Sc (Chemistry) or B.Sc (I.C)
- Age 25 years & above
- Diploma in Food Technology (D.F.T) is preferable

Operator (QC Department) (M / F) (10) posts

Qualifications

- B.Sc (Chemistry)
- Experience in R & D field is more preferred.

Factory Nurse (Female) (Hlegu T/S) (2) posts

- Qualified Nurse with two years experience

All interested applicants shall apply with relevant certificates, recommendation and CV with recent photo, copy of labor registration card not later than 31.3.2005 to No-18, Pyay Road, 7mile, Mayangone Township, Yangon.



ပခုက္ကူဒေသဖွံ့ဖြိုးရေး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စီစဉ်ညွှန်ကြား စပါးတိုးချဲ့စိုက်ပျိုးရန် မြေယာတိုးချဲ့ရေးနှင့် ရေရရှိရေးရှာဖွေဆောင်ရွက် ဒေသဆန်ဖူလုံရေး အမြဲအာရုံစူးစိုက်ပြီး တက်ညီလက်ညီပူးပေါင်းလက်တွဲ

ရန်ကုန် မတ် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၈ရက် နံနက်တွင် မကွေးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာကြရာ ပခုက္ကူမြို့သို့ နံနက်၁၁နာရီတွင် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်မဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မကွေးတိုင်း ပခုက္ကူခရိုင် စပါးတိုးချဲ့စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်း တိုင်းချုပ်အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်၌ ဝမ်းစာဖူလုံမှု ၉၆ ဒသမ ၁၅ ရာခိုင်နှုန်းရရှိရေး အတွက် ရည်မှန်းစိုက်ပျိုးဆောင်ရွက်နေမှုကိုလည်းကောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါး၊နွေစပါးစိုက်ပျိုးနိုင်မှု၊၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါး စိုက်ပျိုးနိုင်မှုနှင့် နွေစပါးကို လျာထားဧက ပြည့်မီရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့၏ ဆန်ဖူလုံမှုအခြေအနေ၊ *စာမျက်နှာ ၆ ကော်လံ ၄* ✡

မြစ်ငယ် မြစ်ကူးတံတား(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြစ်ငယ် မြစ်ကူးတံတား(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)

မတ်၁၈ရက်က ဖွင့်လှစ်လိုက်သော အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ချည်မျှင်နှင့်အထည်စက်ရုံ(ပွင့်ဖြူ)ကို တွေ့ရစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

❐ **မတ်လသမိုင်း နွေသမိုင်း** — ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ(စာ-၇)

❐ **ကျွန်ပြန်မဖြစ်ရေး သမိုင်းပေးအဖြေကတော့ နိုင်ငံတော်ရဲ့ ကာကွယ်ရေးစွမ်းအား ကြီးမားစေဖို့ "ခေတ်မီတပ်မတော်"ရှိနေဖို့ပဲဗျို့** — မောင်ချစ်ကောင်း၏ ကာတွန်း(စာ-၇)

❐ **တပ်မတော်ဟာ စွမ်းရည်သုံးရပ် ပြည့်ဝနေသည်နှင့်အမျှ နိုင်ငံတော်မှာ ငြိမ်းချမ်းသာယာခြင်း၊ စားရေရိက္ခာပြည့်စုံကြွယ်ဝခြင်း၊ စည်းလုံးညီညွတ်ခြင်းဆိုတဲ့ ရလဒ်ကောင်းတွေ ရရှိနေမှာဖြစ်ပါတယ်။**

တက္ကသိုလ်မောင်သုလှိုင်၏ ဆောင်းပါး(စာ-၈၊ ၉)